မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၇)

ပူဇာစ ပူဇနေယျာနံ တော် မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)က ရွှေတိဂုံစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် ဤသို့ စည်ကားလျက်ရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)

စေတီပုထိုး၊ ဘုရား၊ ကျောင်းကန်၊ ဓမ္မာရုံများ၌ ဒါနပြုသူ၊ ဥပုသ်သီလ ဆောက်တည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ယနေ့ဇူလိုင် ၁၇ ရက်သည် ဝါဆိုလပြည့်နေ့(ဓမ္မစကြာအခါတော်နေ့)ဖြစ်သည်။ မြန်မာ့ရိုးရာပြက္ခဒိန်လ ၁၂လရှိသည့်အနက် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓသာသနာဝင်၌ ဂေါတမဘုရားလောင်း ပဋိသန္ဓေယူသောနေ့၊ တောထွက်တော်မူသောနေ့၊ ပဥ္စဝဂ္ဂီငါးဦးတို့ဖြစ်သော အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနမ်နှင့် အရှင်အဿဇိတို့အား ဓမ္မစက္ကပဝတ္တနသုတ်တော် ဟောကြားတော်မူသောနေ့၊ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၊ *စာမျက်နှာ ၈ ကော်လံ ၁* ●

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)က ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပြည်သူများ ဤသို့ သီလပေးတရား နာယူခဲ့ကြသည်။ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မင်္ဂလာဒုံနှင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၂ တိုက်နှင့် သီလရှင်စာသင်တိုက် ငါးတိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက်ရှိ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သက်နှန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

ကွက်ကျားမိုး

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇူလိုင် ၁၈ ရက်)

တိုင်းကျိုးပြည်ပြု လုပ်ငန်းများ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ

ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ စစ်တောင်းမြစ်ကိုဖြတ်ကျော်၍ တည်ဆောက်ထားသည့် ၂၃၉၂ဒသမ၇ပေရှည် စစ်တောင်းတံတား (မုပ္ပလင်)ကို ဇူလိုင်လ ၁၂ရက်နေ့က စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်း လမ်းပေါင်းများစွာကို လက်ယှက်ထိုးဖောက်လုပ်ရင်း တံတားပေါင်းများစွာ တိုးချဲ့တည်ဆောက်ပေးခဲ့ရာ ပြည်ထောင်စုကြီး၏ အရှေ့-အနောက်၊ တောင်-မြောက် နေရာအနှံ့ ဥဒဟိုခရီးပေါက်နေပြီဖြစ်သည်။ ခံနိုင်ဝန်အား တန်၆၀ရှိပြီး ယာဉ်သွားလမ်း အကျယ်၂၈ပေရှိသော စစ်တောင်းတံတား (မုပ္ပလင်)သည် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် ပေ၁၈၀အထက် တံတားများအနက် ၂၃၅စင်းမြောက် ဖြစ်ပြီး မွန်ပြည်နယ်၏ ဆဋ္ဌမစင်းမြောက် တံတားလည်းဖြစ်သည်။ မူလ စစ်တောင်းတံတားသည် ဝန်လေးယာဉ်များဖြတ်သန်းရန် အခက်အခဲရှိလာ၍ စစ်တောင်းတံတား(မုပ္ပလင်)ကို ယခုကဲ့သို့ ထပ်မံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်တွင် စစ်တောင်းတံတား(မုပ္ပလင်) အပါအဝင် ပေ၁၈၀နှင့်အထက် တံတားခြောက်စင်းနှင့် ကားလမ်းမိုင်အမြောက်အမြား တည်ဆောက်ဖောက်လုပ်ပေးထားပြီဖြစ်ရာ အခြားပြည်နယ်နှင့်တိုင်းများသို့ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည်သာမက ဒေသထွက် ကုန်စည်များ အချိန်တိုအတွင်း သယ်ယူပို့ဆောင်နိုင်ပြီး ကူးသန်းရောင်းဝယ်မှု ပိုမိုတိုးတက်လာလျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်သည် နယ်စပ်ဒေသနှင့် ဆက်စပ်လျက်ရှိပြီး ကုန်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများအပြင် စိုက်ပျိုးရေးကဏ္ဍတို့တွင်လည်း အားထားရသည့် ပြည်နယ်တစ်ခုဖြစ်သည်။

နိုင်ငံတော်က ဘဏ္ဍာငွေကြေး၊ စက်ယန္တရားအင်အား၊ နည်းပညာစွမ်းအားတို့ဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး အပါအဝင် အခြေခံကောင်းများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများအားလုံးက တိုင်းကျိုးပြည်ပြုလုပ်ငန်းများ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများ ပိုမိုရရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီးတည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် ဦးလွန်းမောင်လမ်း အမှတ် ၆၃နေ မောင်သိန်းသန်းထွန်း (ခေတ္တဂျပန်)၏ ၃၄နှစ်ပြည့် မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၈-၇-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၄၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၈၆)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ (အပိုင်း-၂)
	၂၁။	စိုက်ပျိုးသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြေမင်းသမီးလေး** (အပိုင်း -၃၁)

ကျောက်တံတားမြို့နယ်၌ ဝါတွင်းဆွမ်းလောင်းလှူမည်

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက်အတွင်းရှိ ဓမ္မာရုံကြီးလေးရုံမှ ကျောင်းတိုက်ကြီး ၁၀တိုက်ရှိ ဝါဆိုသံဃာတော် ၄၄၇ပါးနှင့် ကြားကျောင်းတိုက်များမှ ကြွရောက်အလှူခံမည့် သံဃာတော်အပါး ၁၀၀ စုစုပေါင်း သံဃာတော်အပါး ၅၀၀ကျော်တို့အား ဝါတွင်းကာလ ဇူလိုင် ၂၂ရက်မှ အောက်တိုဘာ ၁၄ရက်အထိ အင်္ဂါနေ့ နံနက်တိုင်း ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူမည်ဖြစ်သည်။

ထို့ပြင် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်) (မွေစကြာနေ့)တွင် လမ်း၄၀အောက်လမ်းရှိ သာသနာ့ရောင်ခြည်ဓမ္မာရုံ၌ ပညာရာမိကာမဟာ(အေ)ကျောင်းတိုက်မှ သံဃာတော် ငါးပါးတို့အား ပင့်ဆောင်၍ စုပေါင်းဝါဆိုသင်္ကန်းနှင့် ဘုံဆွမ်းဆက်ကပ်ကြပြီး ဝါတွင်းဥပုသ်နေ့တိုင်း ဥပုသ်သီလ ဆောက်တည်လိုသူ ဗုဒ္ဓဘာသာဝင်များ ဥပုသ်သီလတရားတော်များ နာယူနိုင်ရန်အတွက် ဝါတွင်းဥပုသ်နေ့တိုင်း နံနက် ၁၀နာရီတွင် သာသနာ့ရောင်ခြည် ဓမ္မာရုံ၌ ဗိုလ်တထောင်မြို့နယ် ပညာရာမိကာမဟာ (အေ)ကျောင်းတိုက်မှ ဆရာတော်က သီလပေး တရားတော်များချီးမြှင့်မည်ဟု သိရသည်။ **(သတင်းစဉ်)**

ကော့မှူးမြို့နယ် ကျိုက်တန်ခိုးထွန်းခေါင် စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မြို့ကုန်း ကျေးရွာရှိမှန်တိုင်းဒဏ်ခံ ကျိုက်တန်ခိုးထွန်းခေါင်စေတီတော် ရွှေထီးတော်တင် မဟာမင်္ဂလာ အခမ်းအနားကို ဇူလိုင် ၁၅ရက် နံနက်၉နာရီက ကျင်းပသည်။

ရေးဦးစွာ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒ (ကျိုက်ထီးဆောင်း) ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့က စိန်ဖူးတော်ကိုလည်းကောင်း၊ အလှူရှင် ဇေကမ္ဘာ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမိသားစုက ငှက်မြတ်နားတော်ကိုလည်းကောင်း အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်က သာသနာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့အား ကြေးဆင်းတုတော်တစ်ဆူစီ ကိုးကွယ်ဆည်းကပ်ရန်အတွက်ပေးအပ်သည်။

ယင်းနောက် ဆရာတော်ထံမှ တက်ရောက်လာကြသူများက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အလှူရှင် ဒေါက်တာ ခင်ရွှေမိသားစုနှင့် တာဝန်ရှိသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်သုံးကြိမ်လှည့်လည် အပူဇော်ခံကြသည်။**(အပေါ်ပုံ)** ဆက်လက်၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈-၇-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	သံဝေပွားမှ ချမ်းသာရ တရားတော်[အရှင်ဥတ္တရ (ကျိုက်ဒေးယျံ ဆရာတော်)]
၈း၁၀-၂း၁၀	The Land of Buddhism
၈း၅၅-၂း၅၅	တေးဂီတအစီအစဉ်
၉း၀၀-၃း၀၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၁၀-၃း၁၀	အေးမြလန်းဆန်း Happy အစွမ်း
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Art Vision (ပန်းဆိုးတန်း ပန်းချီပြခန်းဖွင့်လှစ်ခြင်း အထိမ်းအမှတ်ပြပွဲ)
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာ သတင်းအကျဉ်း
၉း၅၀-၃း၅၀	ဘူးခါးပေါ်မှ စိတ်ကူးလက်ရာ
၉း၅၅-၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅-၄း၀၅	စိုက်ပျိုးဝေဆာတို့မြေမှာ (စတော်ဘယ်ရီပင် စိုက်ပျိုးနည်း)
၁၀း၁၅-၄း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၅-၄း၂၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၀၀-၅း၀၀	လှပသစ်ဆန်း အလှပြင်ခန်း (Smile ကိုထိုက်)
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၃၅-၅း၃၅	ကသောလက်ဖြင့် လှူကြမည်
၁၁း၅၅-၅း၅၅	လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	စင်မြင့်ပေါ်က ဆုနှင်းသဘင် နက္ခတ်ဗေဒပညာရှင်
၁၂း၃၀-၆း၃၀	International Video Topics (နေမင်းကြီး ကွယ်ပျောက်ချိန်)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လှူဒါန်းငွေများလက်ခံ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် (၂၂)တိုက်နှင့် သီလရှင်စာသင်တိုက် ငါးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အမျိုးအကျိုး၊ ရွက်သယ်ပိုးက၊ ခန်းခန့် ဆိုကဲ့ရဲ့လည်း၊ မဖွဲ့စကောင်း၊ ကိုယ့်လမ်းကြောင်း ကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟသ်ာဆရာတော်ဘုရားကြီး)

■ *ရှေ့ဖုံးမှ*

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၂တိုက်တို့မှ ပဓာနနာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက်ငါးတိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သြဝါဒါစရိယတောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဓမ္မသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်သြဝါဒါစရိယတောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ် လှူဒါန်းကြသည်။

ဆွမ်းဆန်တော်ဆက်ကပ်

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ပဲတို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနတိုင်းရင်းဆေးပညာဦးစီးဌာနနှင့်အလှူရှင်များကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းပဒေသာပင်

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ် ၂၇၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကငွေကျပ် ၂၇၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကငွေကျပ် တစ်သိန်း၊ IBTC ကုမ္ပဏီ (လှည်းကူး)ကငွေကျပ် ၁၀ သိန်း၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများကငွေကျပ် ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးတင်ဝင်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)က ငွေကျပ် ၃၆၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးစိုင်းမျိုးဝင်းကျော်-ဒေါ်နန်းခင်မြင့်ရီ(မြစိမ်းတောင်ညိုကြက်ဆူနှင့် ကျွန်းအထူးစိုက်ခင်း၊ တိုက်ကြီး)၊ မြန်မာအာရှအော့ပ်တစ်ကယ်နှင့် သုဓမ္မမဏိဇောတရေ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါလ်တိုင်းရင်းဆေး)တို့က ငွေကျပ်သုံးသိန်းစီ၊ မင်္ဂလာဒုံမြို့နယ် ဆီကုန်သည်များအသင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မော်တော်ယာဉ် လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့၊ သီရိသုဓမ္မမဏိဇောတရေ ဦးစိုးသိန်း၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (ဘုတ်ဆုံမ ငရုတ်သီးမှုန့်လုပ်ငန်း)နှင့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဦးသန်းနိုင်-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ(သမ္မတနိဗ္ဗာန်ကုန်နှင့်သင်္ကန်းတိုက်) တို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးတင်အောင်-သီဟသုဓမ္မ မဏိဇောတရေ-သီရိသုဓမ္မသိင်္ဂီဒေါ်လှလှနွယ်၊ မင်္ဂလာဒုံမြို့နယ် ဆန်ကုန်သည်များအသင်း၊ သုဓမ္မမဏိဇောတရေ သီဟသုဓမ္မမဏိဇောတရေ ဦးအောင်မွန်-ဒေါ်လှလှမော်(မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုး ထုတ်လုပ်ရေးကုမ္ပဏီ)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTBကုမ္ပဏီ)နှင့် ဦးကြည်စိုး(ကေသီပန်ဆေးတိုက်)တို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ သီရိသုဓမ္မသိင်္ဂီဒေါ်မြသိန်း၊(သား)ဦးရန်ရှင်းမိသားစု(United Winner In't Co., Ltd)က ငွေကျပ် ၁၂၀၀၀၀၊ ဒေါ်စောတင် (ချိုမိသားစု စိန်ရွှေရတနာဆိုင်၊ မင်္ဂလာဒုံဈေး)က ငွေကျပ် ၁၁၀၀၀၀၊ ဦးစိုးမြင့်-ဒေါ်ခင်လေးရီ(နယူးရွှေစင်ရတနာရွှေဆိုင်၊ မင်္ဂလာဒုံဈေး)က ငွေကျပ် ၁၀၈၀၀၀ အပါအဝင် စေတနာရှင်၊ အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၈၆၇၆၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ရှင်းလင်းလျှောက်ထား

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများလှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယတောတိုက် ဓမ္မရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မင်္ဂလာဒုံမြို့နယ်အတွင်း ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၃၂၈ အိတ် ၁၈ ပြည်၊ ဆီ ၂၇၁ ပိဿာ ၆၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၄၄၆ ပိဿာ၊ ပဲ ၄၈၉ ပိဿာ ၂၀ ကျပ်သား၊ သွားတိုက်ဆားဘူး ၄၉၀၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၆၈ ဘူး၊ ခဲတံ ဒါဇင်၄၈၀နှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၈၆၇၆၀၀၀ တို့ ဖြစ်သည်။

မရမ်းကုန်းမြို့နယ်

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၃၄တိုက်နှင့် သီလရှင် စာသင်တိုက် ရှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃နာရီတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီလမ်းရှိ နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းအခမ်းအနားသို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၃၄တိုက်တို့မှ ပဓာန နာယကဆရာတော်ကြီးများ၊ သီလရှင်စာသင်တိုက် ရှစ်တိုက်တို့မှ သီလရှင် ဆရာကြီးများ ကြွရောက်တော်မူကြပြီး တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်၊ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

ရှေးဦးစွာ မရမ်းကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကန်ဦးဇေတဝန် စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာမိဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆန်၊ ဆီ လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ)အရာရှိကြီးသုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများလှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် ၄၂၀၀၀၀စီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်နှစ်သိန်း၊ဦးမောင်မောင်ခဆွေအား ရည်စူး၍ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးစိုးမိသားစု(CEO/VP Focus Energy Co., Ltd.)က ငွေကျပ်သိန်း၅၀၊ ဦးလင်းဝင်း-ဒေါ်ရီရီစိန်(လင်းဝင်းကုမ္ပဏီ)က ငွေကျပ် ၃၄ သိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးစိုးသိမ်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (နေအောင်ကုမ္ပဏီ)နှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ ဦးသိန်းဝင်း (လူမှုထူးချွန်တတိယဆင့်)-အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နီ(ရွှေသံလွင်ကုမ္ပဏီ) တို့က ငွေကျပ် ၁၀ သိန်းစီ၊ ကျောင်းအမကြီး ဒေါ်မြနန်းနွယ်မိသားစုက ငွေကျပ်ရှစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)က ငွေကျပ်ငါးသိန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးတင်ဝင်း-သီဟသုဓမ္မသိင်္ဂီ ဒေါ်စန်းစန်းဝင်း(KN ကုမ္ပဏီ)က ငွေကျပ် ၃၆၀၀၀၀၊ ဦးသိန်းမောင်-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၇၀၀၀၊ ဦးရဲအောင်-သုဓမ္မသိင်္ဂီ ဒေါ်လှဲ့လှဲ့ဝင်း (သီရိကုဋ္ဌေကြွယ် ကြက်ဆူပင် စိုက်ပျိုးရေး)က ငွေကျပ် ၃၀၅၀၀၀၊ မရမ်းကုန်းမြို့နယ် သီရိမွန်ပလာဇာတိုက်ခန်းသာယာရေးနှင့်ကြီးကြပ်ရေးအဖွဲ့၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ ဦးနေဝင်းထွန်း (ပတ္တမြားနဂါးနှင့်ကျောက်စိမ်းနဂါးကုမ္ပဏီ)၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ် ရပ်နားစခန်း အကျိုးဆောင်အဖွဲ့နှင့် ဦးခင်မောင်သန်း-ဒေါ်သိင်္ဂီနွယ်မိသားစု (သပြေမင်း ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီလီမိတက်)တို့က ငွေကျပ် သုံးသိန်းစီ၊ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ပြည်သူများက ငွေကျပ် ၂၅၀၀၀၀၊ မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ပြည်သူများ၊ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ပြည်သူများ၊ ဦးဇော်မင်းဦး-သီရိသုဓမ္မသိင်္ဂီဒေါ်ဝင်းဝင်းဌေး(ခ) မငယ်မိသားစု (အောင်ရတနာဝင်း ဓာတ်မြေသြဇာပွဲရုံ) သီရိသုဓမ္မ မဏိဇောတရေ ဦးစိုးသိန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတသင်္ကန်းတိုက်)၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့် (BTBကုမ္ပဏီ)နှင့် ဦးမောင်မောင် (ဂရိတ်ဝေါလ် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး) တို့က ငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သန်းနု (ဒေါ်နု ပစ္စည်းငှားရမ်းရေး)၊ သီရိသုဓမ္မ သိင်္ဂီဒေါ်မြသိန်း၊ သားဦးရန်ရှင်း (United Winner International Co.,Ltd.) နှင့် သုဓမ္မမဏိဇောတရေ သီဟသုဓမ္မ မဏိဇောတရေ ဦးအောင်မွန်-ဒေါ်လှလှမော်(မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေး ကုမ္ပဏီ) တို့က ငွေကျပ်၁၅၀၀၀၀စီ၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး-မြောက်ဥက္ကလာပ)က ငွေကျပ်၁၁၇၀၀၀၊ဒေါ်လှလှလမ်းမတော်က ငွေကျပ် ၁၁၁၀၀၀ အပါအဝင် စေတနာရှင်၊ အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၂၃၅၉၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊တိုင်းမှူး၊ ဒုတိယမြို့တော်ဝန်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီးဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်လွင်က တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် နာဂလိုဏ်ဂူ ကလေးဝတောရစာသင်တိုက် ပဓာနနာယကဆရာတော် ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာယူကြပြီးလှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။

မရမ်းကုန်းမြို့နယ်အတွင်းရှိဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၇၃၀ ၁၈ ပြည်၊ ဆီ ၅၆၈ ပိဿာ ၆၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၆၈၆ ပိဿာ၊ သွားတိုက်ဆား ၁၁၃၇ ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၁၈၃၀၊ ပဲ ၁၁၃၇ ပိဿာ ၂၀ ကျပ်သားနှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၂၃၅၉၀၀၀၀ တို့ဖြစ်သည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မြေနီကုန်းနေ ဦးမောင်မောင် (ဇေယျာရွှေမြေ)၊ ဒေါက်တာနီလာသိန်း (မျက်စိအထူးကု ဆရာဝန်) သမီး ကြေးမုံခင်၊ သားမင်းသု မောင်မိသားစုတို့က ကမ္ဘာအေးကုန်းမြေ အတွင်းရှိ ညောင်ရမ်းစေတီတော် ဆွမ်းလောင်း ဝတ်အသင်း သံဃာတော် အပါး ၃၅၀တို့ အတွက် စနေနေ့တိုင်း အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းရန် ငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ သာသနာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း လက်ခံယူစဉ်။ (သတင်းစဉ်)

တရုတ်တိုင်ပေ လေတပ်စခန်းမှ လေယာဉ်တစ်စင်း အဆောက်အအုံတစ်ခုနှင့်တိုက်မိပြီး ပျက်ကျမှုဖြစ်ပွားခဲ့သည်ကို ဇူလိုင် ၁၆ရက်က တွေ့ရစဉ်။

(ယင်းဖြစ်ရပ်ကြောင့် လေယာဉ်မှူးနှစ်ဦး သေဆုံးခဲ့သည်။)

(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ အမေရိကန်ပါဝင်ပတ်သက်မှု အဆုံးသတ်ရေး အဓိကဦးစားပေးလုပ်ငန်းဟု အိုဘားမားပြောကြား

ဝါရှင်တန် ဇူလိုင် ၁၇

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် အိုဘားမားက သမ္မတအဖြစ် သူ၏ အဓိကဦးစားပေးလုပ်ငန်းမှာ အီရတ်တွင် အမေရိကန်ပါဝင်ပတ်သက်မှု အဆုံးသတ်ရေးပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အီရတ်အရေးကို အကန့်အသတ်မဲ့ မြဲမြဲစွာအာရုံစိုက်ခြင်းသည် အမေရိကန်ကို ဘေးအန္တရာယ်လုံခြုံစွာထားရှိရေးအတွက် ခိုင်မာသည့် မဟာဗျူဟာတစ်ရပ်မဟုတ်ကြောင်း အိုဘားမားက အရှေ့အလယ်ပိုင်း နိုင်ငံများသို့ ခရီးမထွက်မီ ပြောကြားလိုက်သည်။

ထိပါးခြိမ်းခြောက်

၂၁ရာစုနှစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရေးအတွက် လိုအပ်ချက်များနှင့်အတူ မိမိတို့၏စစ်ရေး၊ စီးပွားရေး၊ ကမ္ဘာ့အလယ်ရပ်တည်ရေးနှင့် လုံခြုံရေးတို့ကို အီရတ်စစ်ပွဲက ထိပါးခြိမ်းခြောက်လျက်ရှိကြောင်း အိုဘားမားက ပြောကြားသည်။

အယ်လ်ခိုင်ဒါနှင့်တာလီဘန်တို့ကို မြေလှန်ချေမှုန်းရေးအတွက် အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့်နေတိုးအဖွဲ့တို့အကြား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဆို၏။

အကြမ်းဖက်

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ရက်က အကြမ်းဖက်သမားတို့ တိုက်ခိုက်မှုကြောင့် အမေရိကန်၌ ပြည်သူ၃၀၀၀နီးပါးသေဆုံးပြီး ခုနစ်နှစ်ကြာ အကြမ်းဖက်သမားများကို မနှိမ်နင်းနိုင်ခြင်းမှာ မဖြစ်သင့်ကြောင်း အိုဘားမားက ပြောကြားလိုက်သည်။

(အင်တာနက်)

ရုရှား၊တရုတ်နှင့်အိန္ဒိယတို့ ကဏ္ဍစုံပူးပေါင်းမည်

မော်စကို ဇူလိုင် ၁၇

ရုရှားနိုင်ငံအနေဖြင့် တရုတ်နှင့်အိန္ဒိယနိုင်ငံတို့ စီးပွားရေးနှင့် ကုန်သွယ်ရေးကဏ္ဍတို့၌ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဇူလိုင် ၁၆ရက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

အစီရင်ခံစာ၌ အိန္ဒိယနှင့်တရုတ်နိုင်ငံတို့ ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် ဆောင်ရွက်သွားမည်ဖြစ်သလို အပြန်အလှန်ဆက်ဆံရေး တိုးတက်ကောင်းမွန်မှုမှ အပြန်အလှန် အကျိုးအမြတ် မျှဝေခံစားမှုအထိ အကောင်အထည်ဖော် လုပ်ကိုင်သွားကြမည်ဖြစ်သည့်အပြင် နိုင်ငံတကာရေးရာ ကိစ္စရပ် များ၌လည်း လက်တွဲဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းသိရသည်။

ရုရှား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အကြား ပြည်ပရေးရာမူဝါဒ၊ စီးပွားရေးရာ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုများ ဖော်ဆောင်သွားကြမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဒီမီထရီမက်ဒီဗီဒက်ဗ်က ပြောကြားသည်။

အမ်အင်န်အေဆင်ဟွာ

ယူအေအီးနိုင်ငံပိုင်လေကြောင်းလုပ်ငန်း အဲဘတ်စ်လေယာဉ် ၅၅စင်းဝယ်ယူမည်

ဖရန့်ဘိုရှေ့ချ် ဇူလိုင် ၁၇

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နိုင်ငံပိုင် အီးတီဟက် အဲဝေးလေကြောင်းလိုင်းအနေဖြင့် အေ-၃၂၀ လေယာဉ်အစင်း ၂၀၊ အေ-၃၅၀လေယာဉ် ၂၅စင်းနှင့်အဲဘတ်စ်အေ-၃၈၀အမျိုးအစားလေယာဉ် ၁၀စင်းတို့အား ဝယ်ယူရန် ဇူလိုင် ၁၅ရက်၌ စာချုပ်လိုက်ပြီဖြစ်သည်။

လက်မှတ်ရေးထိုး

အဆိုပါ လေယာဉ်များဝယ်ယူမှုကို ဂျာမနီနိုင်ငံ၌ ဇူလိုင် ၁၄ရက်က ကျင်းပခဲ့သည့် (၄၆)ကြိမ်မြောက် ဖရန့်ဖွတ်အပြည်ပြည်ဆိုင်ရာလေကြောင်းပြပွဲတွင် အီးတီဟက်အဲဝေးလေကြောင်းလိုင်းဥက္ကဋ္ဌနှင့် ဝယ်ယူမည့်လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ တွေ့ဆုံကာ လေယာဉ်များဝယ်ယူရေးသဘောတူ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံပိုင် အီးတီဟက် အဲဝေးလေကြောင်းလိုင်းအနေဖြင့် ကမ္ဘာ့လေကြောင်းခရီးစဉ်ပုံသန်းမှုများ တိုးချဲ့ ပုံသန်းရန်ယခုကဲ့သို့လေယာဉ်များ ဖြည့်တင်းဝယ်ယူခြင်းဖြစ်သည်။

အမ်အင်န်အေဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

တံဆိပ်ခေါင်းပန်းချီကား

ဂျာမနီနိုင်ငံ လီဇစ်မြို့တွင် ဇူလိုင်၁၅ရက်က ကလေးငယ်များ စုပေါင်းပြီး တံဆိပ်ခေါင်းမျိုးစုံ ၃၀၀၀၀၀ကို စုစည်းကာ ရုပ်ပုံပန်းချီကားကြီးတစ်ချပ်အဖြစ် ဖန်တီးခဲ့ရာ စတုရန်းမီတာ ၁၀၀ရှိသဖြင့် ကမ္ဘာပေါ်၌ တံဆိပ်ခေါင်းအရေအတွက် အများဆုံးပန်းချီကားအဖြစ် **(အပေါ်ပုံ)** ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်ဓာတ်ပုံ)**

အသေးငယ်ဆုံးရထားတွဲပုံစံ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဇူလိုင် ၁၄ရက်က အရုပ်ပွဲတော်တစ်ရပ် ကျင်းပခဲ့ရာ အီရှန်ဒိုလုပ်ငန်းမှ ထုတ်လုပ်ထားသော ရထားတွဲပုံစံလေးတစ်ခုသည် အနံ နှစ်စင်တီမီတာနှင့် အလျား ၁၀စင်တီမီတာခန့်သာရှိသဖြင့် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ရထားပုံစံလေးအဖြစ် **(အောက်ပုံ)** ဂင်းနက်စ် မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အင်တာနက်ဓာတ်ပုံ)**

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၁၇-၇-၂၀၀၈

ကုလအတွင်းရေးမှူးချုပ် ဘာလင်သို့ရောက်ရှိ

ဘာလင် ဇူလိုင် ၁၇

ဂျာမနီနိုင်ငံ ဘာလင်မြို့သို့ ဇူလိုင် ၁၅ရက်မှ နှစ်ရက်ကြာအလည်ပတ်ရောက်ရှိသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဂျာမနီနိုင်ငံ အကြီးအကဲနှင့်တွေ့ဆုံရာ၌ ဆူဒန်၊ အာဖဂန်နစ္စတန်၊ အရှေ့အလယ်ပိုင်းဒေသ၊ ကိုဆိုဗိုနှင့်အီရန်နိုင်ငံတို့၏ နျူကလီးယား စွမ်းအင်ကဏ္ဍနှင့် အခြားသောကဏ္ဍစုံတို့ကို ဆွေးနွေးခဲ့သည်။

ပနားမား ရေပြင်တွင် ငါးဖမ်းသင်္ဘော မီးလောင်

ပနားမားစီးတီး ဇူလိုင် ၁၇

ပနားမားနိုင်ငံ ဗာကာမွန်တီ ပင်လယ်အတွင်း ဇူလိုင်၁၄ရက်က ငါးဖမ်းသင်္ဘောတစ်စင်း မီးလောင်မှု ဖြစ်ပွားရာ သင်္ဘောပေါ်၌ ငါးဖမ်းအလုပ်သမား ၁၉ ဦးပါရှိပြီး ခြောက်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူများမှာ ဗီယက်နမ် သင်္ဘောသားများဖြစ်ကြောင်း၊ ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ပနားမားရေကြောင်းအာဏာပိုင်မှ သတင်းထုတ်ပြန်သည်။

ဘရာဇီး၌ ရေနံကြောသစ်တွေ့ရှိ

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၇

ဘရာဇီးနိုင်ငံ အီစပရီတိုဆန်တိုပြည်နယ် ဗစ်တိုးရီးယားကမ်းခြေမှ ကီလိုမီတာ ၆၀အကွာ မြေအောက် ၁၃၇၄ မီတာတွင် ရေနံကြောသစ် တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါ ရေနံကြောမှ ရေနံစိမ်း စည်သန်းပေါင်း ၁၅၀ ထွက်ရှိမည်ဟု ခန့်မှန်းကြောင်း ဘရာဇီးနိုင်ငံပိုင် ပက်ထရိုဘားရေနံကုမ္ပဏီက ဇူလိုင် ၁၇ ရက်၌ သတင်းထုတ်ပြန်သည်။

ယူကရိန်းတွင် ၁၆နိုင်ငံ စစ်ရေးပူးတွဲလေ့ကျင့်

ကီယက်ဗ် ဇူလိုင် ၁၇

ယူကရိန်းနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးပူးပေါင်းဆောင်ရွက်မှုအရ ဇူလိုင် ၁၄ ရက်မှ စတင်ကာ နှစ်ပတ်ကြာ စစ်ရေးလေ့ကျင့်မှုပြုလုပ်လျက်ရှိရာ ၁၆ နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၀၀၀ကျော်ပါဝင်ပြီး စစ်သင်္ဘော၊ လေယာဉ်၊ ရဟတ်ယာဉ်တို့ဖြင့် ကဏ္ဍစုံ ပူးပေါင်းလေ့ကျင့်လျက်ရှိသည်။

ကားအတွင်းပိတ်မိ၍ ကလေးငယ်သေဆုံး

ပါရီ ဇူလိုင် ၁၇

ပြင်သစ်နိုင်ငံ အီဆီရာပြည်နယ်တွင် ဇူလိုင် ၁၇ရက်က ကလေးငယ်တစ်ဦး ဖခင်၏ကားအတွင်း ပိတ်မိခဲ့ရာမှ သေဆုံးခဲ့ကြောင်း၊ ဖခင်မှာကားရပ်နားစဉ်နှစ်နှစ်ခွဲအရွယ် ကလေးငယ်အား ကားအတွင်း မေ့ထားခဲ့ရာမှကားအပူရှိန်ကြောင့်ကလေးငယ်မှာ သေဆုံးခဲ့ကြောင်း ဒေသခံမီဒီယာများက ဖော်ပြသည်။

ပညာရေးဆိုင်ရာညီလာခံ ကျူးဘား၌ ကျင်းပ

ဟာဗားနား ဇူလိုင် ၁၇

ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ဆင်းရဲသား ကလေးငယ်များ၏ ပညာရေးအတွက် အပြည်ပြည်ဆိုင်ရာ ပညာရေးနှင့် ဆရာအတတ်သင် ပညာရပ်ဆိုင်ရာ ညီလာခံကို ဇူလိုင် ၁၅ရက်က စတင် ကျင်းပခဲ့သည်။ အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၁၀နိုင်ငံမှ ပါမောက္ခများနှင့် ပညာရေးအဖွဲ့ဝင် ၃၀၀၀ကျော် တက်ရောက်ကြကာ ဆင်းရဲသားကလေးငယ်များအား ပညာရေးအပြင် ပတ်ဝန်းကျင်အခြေအနေများပါ သင်ကြားပေးမည့် ဆရာ၊ ဆရာမများအား သင်တန်းများ ပို့ချပေးသွားမည်ဖြစ်သည်။

အီကွေဒေါနှင့်ဗင်နီဇွဲလား ရေနံချက်စက်ရုံတည်ဆောက်မည်

ကွီတို ဇူလိုင် ၁၇

အီကွေဒေါနိုင်ငံ မာနာဘီမြို့တွင် တောင်အမေရိက ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းတစ်လျှောက်၌ အကြီးဆုံးရေနံချက်စက်ရုံတည်ဆောက်ရေး သဘောတူညီမှုကို အီကွေဒေါ သမ္မတ ရာဖယ်လ်ကော်ရီရာနှင့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်တို့ ဇူလိုင်၁၆ရက်က သဘောတူလက်မှတ်ရေးထိုး လိုက်ပြီဖြစ်သည်။ အဆိုပါစက်ရုံမှာ ၂၀၁၃ ခုနှစ်တွင် လုပ်ငန်းများစတင်လည်ပတ်မည်ဖြစ်ကာ နေ့စဉ် ရေနံစည်သုံးသိန်းချက်လုပ်နိုင်မည်ဖြစ်သည်။

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဟနွိုင်း ဇူလိုင် ၁၇

ဗီယက်နမ်နိုင်ငံတောင်ပိုင်း လောင်အန်ပြည်နယ်ရှိ မွေးမြူရေးခြံများ၌ ကြက်ငှက်တုပ်ကွေး H_5N_1 ရောဂါပိုးကြောင့် ကြက်များ သေဆုံးလျက်ရှိရာ လွန်ခဲ့သည့် ၁၀ရက်တာကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းနိုင်ငံတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလကတည်းက ကြက်ငှက်တုပ်ကွေးစတင်ဖြစ်ပွားလျက်ရှိရာ ကြက်၊ ဘဲကောင်ရေ ၁၂ သန်းခန့် သုတ်သင်ရှင်းလင်းခဲ့ရသည်။

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေ အခြေအနေ

နယူးယောက် ဇူလိုင် ၁၇

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇူလိုင် ၁၇ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတု အခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၂°C	တိမ်ထူထပ်၊ လေပြင်းတိုက်
ဂျပန်	တိုကျို	၃၃°C	တိမ်ထူထပ်
ထိုင်း	ဗန်ကောက်	၃၃°C	တိမ်ထူထပ်
သြစတြေးလျ	ဆစ်ဒနီ	၁၈°C	တိမ်ထူထပ်
ပါကစ္စတန်	ကရာချိ	၃၃°C	တိမ်ထူထပ်
အီဂျစ်	ကိုင်ရို	၃၆°C	သာယာ
ရုရှား	မော်စကို	၂၈°C	မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၂၅°C	လေပြင်းတိုက်၊ မြူဆိုင်း
ပြင်သစ်	ပါရီ	၂၄°C	တိမ်ထူထပ်
ဗြိတိန်	လန်ဒန်	၂၁°C	တိမ်ထူထပ်
အမေရိကန်	နယူးယောက်	၂၉°C	သာယာ

(အင်တာနက်)

18-7 (04).pmd 1 7/19/2008, 2:16 AM

နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အကြောင်းဆက် ပေါင်းဖက်ခဲ့ကြပါသော်လည်း

ဖာယက်တီဗီလီမြို့လေးသည် အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားပြည်နယ်၏ တောင်ဘက်ကမ်းရိုးတန်းတွင် တည်ရှိပြီး လူဦးရေနှစ်သိန်းကျော်နေထိုင်သော အေးချမ်းသည့် မြို့လေးတစ်မြို့ဖြစ်သည်။ ထိုမြို့လေးသည် ကမ်းရိုးတန်းမြို့လေး ဖြစ်သဖြင့် အမေရိကန်ရေတပ် အခြေစိုက်စခန်းငယ်တစ်ခု ယင်းမြို့တွင် တည်ရှိသည်။

ညီရင်းအစ်ကိုတမျှ

ယင်းမြို့ ရေတပ်စခန်းတွင် ယခုအသက်၂၃နှစ်ရှိရေတပ်သား ဂျွန်ဝီမတ်နှင့် အသက် ၂၂နှစ်ရှိ အင်ဂျင်နီယာရေတပ်သား ကိုင်လီရိုင်ယန်အယ်လ်ဒင်တို့ သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့နှစ်ဦးသည် ညီရင်းအစ်ကိုတမျှ ချစ်ခင်ခဲ့ကြသည်။ သူတို့နှစ်ဦး ခင်မင်ခဲ့ကြသည်မှာ လွန်ခဲ့သောခြောက်နှစ် သူတို့နှစ်ဦးရေတပ်ထဲသို့ဝင်ကာစ ကတည်းက ဖြစ်သည်။

စစ်သူနာပြု

သူတို့နှစ်ဦးတာဝန်ချိန်မှလွဲပြီး ကျန်အချိန်များတွင် စားအတူ၊ လာအတူ၊ သွားအတူ တပူးတွဲတွဲနေထိုင်ခဲ့ကြသည်။ သို့သော်လည်း လွန်ခဲ့သည့်သုံးနှစ်ကမူ သူတို့နှစ်ဦး အတူတကွ သွားလာနေထိုင်ကြသည့် အချိန်များ၏ ထက်ဝက်ခန့်ကို ခွဲယူသွားမည့် သူတစ်ဦး ပေါ်ပေါက်လာခဲ့သည်။ ထိုသူမှာ အခြားမဟုတ်ပေ။ သူတို့အလုပ်လုပ်ကိုင်ရာ ရေတပ်သို့ ဒုဗိုလ်အဆင့်ရှိသော စစ်သူနာပြု တစ်ဦးရောက်ရှိလာပြီး အချိန်ကာလကြာလာသောအခါ သူတို့နှစ်ဦးနှင့်ရင်းနှီးခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုသူနာပြု၏ အမည်မှာ ဟိုလီဖြစ်ပြီး သူတို့ တာဝန်ကျရာရေတပ်သို့ ရာထူးတိုးပြီး ရောက်ရှိလာသူဖြစ်သည်။ ဟိုလီသည်စိတ်သဘောထားပြည့်ဝပြီး လူနာများအား အယုတ်အလတ်အမြတ်မရွေး တာဝန်ကျေပွန်စွာ ပြုစုကုသပေးတတ်သူတစ်ဦး ဖြစ်သည်။

ကတောက်ကဆတ်ဖြစ်

ဟိုလီ ထိုရေတပ်သို့ရောက်ရှိပြီး ခြောက်လခန့်အကြာတွင် ဂျွန်ဝီမတ်နှင့် ဟိုလီတို့ ရေးရေစက်အကြောင်းဆုံကာ ပေါင်းဖက်ခဲ့ကြသည်။ ထိုစဉ်က ဂျွန်ဝီမတ် (**အပေါ်ဝဲပုံ**) က အသက် ၂၀ရှိပြီး ဟိုလီက ၂၁နှစ်အရွယ်ရှိနေကြပေပြီ။ ဟိုလီသည် မိန်းမသားပီပီ ယဉ်ကျေး

ချစ်စိုးနိုင်
ကိုးကားရေးဖွဲ့သည်

သိမ်မွေ့သော်လည်း ဂျွန်ဝီမတ်ကမူ ဇွတ်တရွတ်နိုင်ကာ ထင်ရာစိုင်းတတ်သူတစ်ဦးဖြစ်သည်။ ဟိုလီကအကြီးပီပီ ဖျောင်းဖျရလေ့ရှိသည်။ သူတို့နှစ်ဦးသည် ၂၀၀၅ခုနှစ် မတ်လက လက်ထပ်ခဲ့ကြရာ အိမ်ထောင်သက် သုံးနှစ်ပြည့်သည့် ၂၀၀၈ခုနှစ် မတ်လတွင်မူ ဆိုးတေသော ဂျွန်ကြောင့် ကတောက်ကဆတ်ဖြစ်ကာ လင်မယားမကွာရှင်းသော်လည်း သီးသန့်ခွဲကာ ခပ်တန်းတန်းနေသည်အထိ ဖြစ်ခဲ့သည်။

တရားစွဲ

၂၀၀၈ ခုနှစ် ဇူလိုင် ၁၃ရက်တွင် အသက် ၂၄နှစ်ရှိ ဟိုလီနေထိုင်ရာ ဖာယက်တီဗီလီမြို့ တိုက်ခန်းမီးလောင်ခံရပြီး သူမလည်းပျောက်ဆုံးနေခဲ့သည်။ သူမပျောက်ဆုံးပြီး သုံးရက်အကြာ ဇူလိုင်၁၃ရက်တွင် သူမ၏ အလောင်းကို ကမ့်ပ်လီဂျိန်အရပ်နှင့် မနီးမဝေးတွင် တွေ့ရှိခဲ့ရသည်။ သူမသေဆုံးမှုနှင့်ပတ်သက်၍ ခင်ပွန်းဖြစ်သူ ဂျွန်ဝီမတ်ကို လူသတ်မှုဖြင့် တရားစွဲထားပြီး သူနှင့်သူ၏ သူငယ်ချင်း ကိုင်လီအယ်လ်ဒင်တို့အား မီးရှို့မှုဖြင့် တရားစွဲဆိုထားသည်။ ဟိုလီသည် ခုနစ်လအတွင်း တတိယမြောက် အသတ်ခံရသည့် ရေတပ်မှ စစ်ဘက်ဝန်ထမ်းတစ်ဦးဖြစ်သည်။ ယခင်က သေဆုံးခဲ့သူ ကိုယ်ဝန်သည်များဖြစ်ကြသော မာရီယာလော်တာဘက်နှင့် အသက်၂၀ရှိ အိုဟိုင်းယိုးပြည်နယ်မှ ဗန်ဒါလီယာ၊ ယခုသေဆုံးသူ ဟိုလီတို့၏အသတ်ခံရပုံမှာ တူညီနေသကဲ့သို့ မြေတိမ်တိမ်တွင် အမြှုပ်ခံထားရပုံချင်းလည်းတူညီနေသဖြင့် ယင်းသေဆုံးမှုများ ဆက်နွှယ်မှုရှိမရှိ သက်ဆိုင်ရာက စစ်ဆေးလျက်ရှိသည်။ ဂျွန်ဝီမတ်နှင့် ကိုင်လီအယ်လ်ဒင်တို့အနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ပါက ထောင်တွင်း၌ပေးဆပ်ရပေဦးမည်။ ဂျွန်ဝီမတ်အနေဖြင့် ပြစ်မှုမကျူးလွန်ခဲ့ပါက တစ်ပူပေါ်နှစ်ပူဆင့်သည့် အဖြစ်မျိုးနှင့်ရင်ဆိုင်နေရမည်မှာ စာနာဖွယ် ကောင်းလှသည်။

ဂျွန်ဝီမတ်နှင့် ဟိုလီဝီမတ်တို့သည် ရေးရေစက် အကြောင်းဆက်၍ ပေါင်းဖက်ခဲ့ကြရသော်လည်း ရေးရေစက်ကုန်၍ မခွဲခွာလိုဘဲ ခွဲခွာခဲ့ရသည့် စာနာဖွယ် အဖြစ်သနစ်ကို ကိုးကားဖော်ပြလိုက်ရပါကြောင်း။ ။

သူတို့အတွေးနှင့် အမြင်

It is art that makes life, makes interest, makes importance.

အနုပညာသည်ဘဝကိုလည်းကောင်း၊ စိတ်ဝင်စားမှုကို လည်းကောင်း၊ အရေးပါမှုကိုလည်းကောင်း ဖန်တီးနိုင်စွမ်းရှိသည်။

ဟင်နရီဂျိမ်းစ်
အင်္ဂလိပ်အမေရိကန်လူမျိုးစာရေးဆရာ။

The people are a many-headed beast.

လူဆိုသည်မှာ ဦးခေါင်းများစွာပါရှိသည့် သတ္တဝါတစ်မျိုးပင် ဖြစ်သည်။

အလက်ဇန္ဒားပုပ်
အင်္ဂလိပ်လူမျိုးစာပြောင်ရေးသူနှင့် ကဗျာဆရာ။

အမေရိကန်နှင့် အနောက်အုပ်စုက အီရန်ကို စံနှုန်းနှစ်ခုဖြင့် ဆက်ဆံနေဟုဆို

ကူဝိတ် ဇူလိုင် ၁၇

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အမေရိကန်နှင့် အခြားအနောက်အုပ်စုဝင်နိုင်ငံများက တမင်တကာရန်စသည့်နည်းလမ်းဖြင့်ဆက်ဆံနေကြကြောင်း၊ ၄င်းမှာ အီရန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ဖယ်ရှားလို၍ ဖြစ်ကြောင်း ကူဝိတ်ပါလီမန်ဥက္ကဋ္ဌ ဂျင်ဆင်အယ်ခါရာမီက ဝေဖန်ပြောကြားလိုက်သည်။

အဏုမြူဗုံးလုပ်ရန်

အီရန်က ယူရေနီယံသန့်စင်မှုဆက်လုပ်လျှင် အမေရိကန်အနေဖြင့် စစ်ရေးအရအရေးယူမှုပြုလုပ်ဖွယ်ရှိသည်ဟု ဝေဖန်နေကြသည်။ အီရန်က အဏုမြူဗုံးလုပ်ရန် ရည်ရွယ်ကြိုးပမ်းနေသည်ဟု အမေရိကန်အစိုးရက သံသယရှိနေသည်။ သို့သော်အီရန်အစိုးရကမူ ၄င်း၏ နျူကလီးယားအစီအစဉ်မှာ ငြိမ်းချမ်းရေးသက်သက်ဖြစ်သည်ဟု အခိုင်အမာ ပြောကြားလျက်ရှိသည်။

စံနှုန်းနှစ်ခု

အနောက်အုပ်စုသည် အစ္စရေးနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေပြီး တစ်ချိန်တည်းမှာပင် အီရန်၏နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းရန် ကြိုးပမ်းနေခြင်းမှာ စံနှုန်းနှစ်ခုထားခြင်းသာဖြစ်ကြောင်း ကူဝိတ်ပါလီမန်ဥက္ကဋ္ဌ ဂျင်ဆင်အယ်ခါရာမီက ထောက်ပြလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘူမိ သိပ္ပံ

မြောက်ဝင်ရိုးစွန်း၌ ရေခဲမရှိသည့် နွေရာသီရောက်ရှိမည်

နယူးယောက် ဇူလိုင် ၁၇

မြောက်ဝင်ရိုးစွန်းဒေသတွင် ကမ္ဘာ့ရာသီဥတုပူနွေးလာမှု၏အကျိုးဆက်ကြောင့် လာမည့်နွေရာသီတွင် ရေခဲပြင်လုံးဝမရှိသည့် အနေအထားကို ပထမဆုံးအကြိမ် မြင်တွေ့ရမည်ဖြစ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။

မြောက်ဝင်ရိုးစွန်းဒေသ၌ ယခုလောလောဆယ်တွင် ရေခဲပြင်ရှိနေမှု အနေအထားမှာ ယခင်ကထက် ၅၀ ရာခိုင်နှုန်းခန့်သာ ရှိနေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကမ္ဘာ့မြေပြင်ရာသီဥတုနှင့် သမုဒ္ဒရာများ၏ ရာသီဥတုအခြေအနေ ကွဲပြားလာ၍ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

လျင်မြန်လာ

မြောက်ဝင်ရိုးစွန်းဒေသ၏ ရာသီဥတုမှာလည်း ကမ္ဘာ့ရာသီဥတုပူနွေးလာမှုကြောင့် ပြောင်းလဲမှုများ လျင်မြန်စွာဖြစ်ပေါ်လျက်ရှိပြီး ရေခဲများအရည်ပျော်မှုမှာလည်း လျင်မြန်လာကြောင်း အမေရိကန်သုတေသန ပညာရှင် ကော်လိုရာဒိုက ပြောကြားသည်။

မြောက်ဝင်ရိုးစွန်းရှိ ရေခဲများ အရည်ပျော်မှုနှုန်း လျင်မြန်လာရာ လက်ရှိနှုန်းအတိုင်း ဆက်သွားပါက လာမည့် ၁၀နှစ်အတွင်း မြောက်ဝင်ရိုးစွန်းဒေသ၌ ရေခဲအနည်းငယ်သာကျန်ရှိတော့မည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါသက်သာနိုင်

အယ်လ်ဇိုင်းမားရောဂါခံစားနေရသူများအား နေ့စဉ်ပုံမှန် လေ့ကျင့်ခန်းပြုလုပ်ပေးသွားပါက တဖြည်းဖြည်း ရောဂါသက်သာသွားစေနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ဇူလိုင် ၁၆ ရက်တွင် ပြောကြားသည်။

အဖြစ်များ

အယ်လ်ဇိုင်းမားရောဂါသည် အသက်ငယ်ရွယ်စဉ်က ကျန်းမာကြံ့ခိုင်မှုအားနည်းခဲ့သူများတွင် အဖြစ်များတတ်ကြကြောင်း၊ ထိုသူများသည် အသက် ၆၀ကျော်သည်နှင့် အယ်လ်ဇိုင်းမားရောဂါခံစားရလေ့ရှိကြောင်း သိရသည်။

အယ်လ်ဇိုင်းမားရောဂါခံစားရသူများအား နေ့စဉ်လေ့ကျင့်ခန်း စုပေါင်းပြုလုပ်ပေးခြင်းဖြင့် ရောဂါသက်သာစေသည်ကို လေ့လာဆန်းစစ်မှုများအရ တွေ့ရှိရသည်ဟု ၄င်းတို့က ပြောကြားသည်။ လေ့ကျင့်ခန်းပြုလုပ်ရာတွင်လည်း တစ်ဦးချင်းထက် လူများစုပေါင်း၍ ညင်သာစွာလှုပ်ရှားရသည့် လေ့ကျင့်ခန်းမျိုးသာရောဂါသက်သာမှုကို ထိရောက်စေသည်ဟု ဆိုသည်။

ထိုသို့ ညင်သာစွာ လှုပ်ရှားရသည့် ကိုယ်လက်လှုပ်ရှားမှုများသည် ဦးနှောက် အာရုံကြောများကို လန်းဆန်းစေကြောင်း၊ အယ်လ်ဇိုင်းမားဝေဒနာရှင်များအတွက် အကောင်းဆုံးကုသမှုတစ်ရပ်ပင်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အင်တာနက် ကျန်းမာရေး

ဘဝအမောပြေ

ရပါတယ်....

ကုမ္ပဏီပိုင်ရှင်တစ်ဦးက မန်နေဂျာရာထူးအတွက် လျှောက်ထားသူသုံးဦးအား လူတွေ့စစ်ဆေးမေးမြန်းလျက်ရှိရာ ၄င်းရာထူးအတွက် အင်ဂျင်နီယာဘွဲ့ရတစ်ဦး၊ ကွန်ပျူတာကျွမ်းကျင်သူတစ်ဦးနှင့် စာရင်းအင်းကျွမ်းကျင်သူတစ်ဦးတို့အား မေးခွန်းမေးရာ...

ကုမ္ပဏီပိုင်ရှင် ။	။ နှစ်နဲ့နှစ်ပေါင်းရင် ဘယ်လောက်ရလဲ...
အင်ဂျင်နီယာဘွဲ့ရ ။	။ **ကိန်းဂဏန်းများတွက်ချက်နိုင်သည့် ပေတံကို အိတ်ထဲမှ ထုတ်ကာစစ်ဆေးကြည့်ရှုပြီး** "လေး ရပါတယ်"
ကုမ္ပဏီပိုင်ရှင် ။	။ ခင်ဗျားကရော နှစ်နဲ့နှစ်ပေါင်းရင် ဘယ်လောက်ရလည်း ပြောပါဦး။
ကွန်ပျူတာ ။	။ အိတ်ထဲမှဂဏန်းပေါင်းစက်ကို ထုတ်ကာ
ကျွမ်းကျင်သူ	**ခလုတ်များနှိပ်ပြီးနောက်** "လေး ရပါတယ်"
ကုမ္ပဏီပိုင်ရှင် ။	။ ကဲ...ခင်ဗျားလည်းပြောပါဦး။
စာရင်းအင်း ။	။ **ကုမ္ပဏီပိုင်ရှင်၏ မျက်နှာကိုအတန်ကြာစူးစိုက်ကြည့်ရှု**
သမား	**နေပြီးမှ**
	"ဘယ်လောက်ဖြစ်စေချင်လည်း ပြောပါသူဌေး"
ကုမ္ပဏီပိုင်ရှင် ။	။ **"ဟေ"**

ကမ္ဘာ့စွန်လွှတ်ပွဲတော် အင်ဒိုနီးရှား၌ကျင်းပ

ဂျကာတာ ဇူလိုင် ၁၇

အင်ဒိုနီးရှားနိုင်ငံ အရှေ့တောင်ပိုင်း ဆူလာဝေစီပြည်နယ် မူရာဒေသတွင် အပြည်ပြည်ဆိုင်ရာ စွန်လွှတ်ပွဲတော်ကို ဇူလိုင် ၁၇ရက်က ကျင်းပသည်။

ပြောကြား

အဆိုပါ စွန်လွှတ်ပွဲတော်သို့ ဂျပန်၊ သြစတြေးလျ၊ မလေးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ဆင်နွှဲကြကြောင်း မူရာဒေသအုပ်ချုပ်ရေးမှူး၏ ပြောကြားချက်ကို ကိုးကား၍ အန်တာရာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ယှဉ်ပြိုင်

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဂျကာတာ၊ ဂျာဗားကျွန်း အလယ်ပိုင်း ကာလီမန်တန်ဒေသနှင့် ဆူလာဝေစီပြည်နယ်အတွင်းမှ စွန်လွှတ်ဝါသနာရှင်များလည်း ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

(အင်တာနက်)

ဂါဇာကမ်းမြောင်သို့ ကုန်ပစ္စည်းသယ်ယူမှု အစ္စရေး ခွင့်ပြု

ဂါဇာ ဇူလိုင် ၁၇

ဂါဇာကမ်းမြောင်သို့ ကုန်ပစ္စည်းများ ပိုမိုတင်သွင်းရေးအတွက် ဇူလိုင် ၁၄ရက် ကစပြီး နယ်စပ်ဖြတ်ကျော် နေရာသုံးခုကို အစ္စရေးက ဖြတ်ကျော်သယ်ယူခွင့်ပြုလိုက်ပြီဟု ဟားမတ်စ်အစိုးရက ဇူလိုင် ၁၅ ရက်တွင် ကြေညာသည်။

ပြောကြား

ယင်းမှာ အီဂျစ်ကြားဝင်စေ့စပ်ပေးသည့် အပစ်အခတ် ရပ်စဲရေးသဘောတူညီမှုအရ ဖြစ်သည်ဟုလည်း ဂါဇာမှ ဟားမတ်စ်အုပ်ချုပ်ရေးအာဏာပိုင်များက ပြောကြားသည်။

ယခု တင်သွင်းခွင့်ရသည့် ကုန်ပစ္စည်းများတွင် ဆောက်လုပ်ရေးပစ္စည်းများ၊ လောင်စာများ၊ စားနပ်ရိက္ခာနှင့် အဝတ်အထည်များ ပါဝင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပုန်းညက်ကယ်မာလာမင်း သင်းလှသည့်လဝါဆို

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် အင်အားအပြည့်ဖြင့် အရှိန်အဟုန်ယူ လုပ်ကိုင်ရသောလ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝါဆိုလပြည့်နေ့သည် ''သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာ'' ဟူသည့် ထူးခြားသော ဖြစ်ရပ်များဖြင့် မွန်မြတ်ထင်ရှားလှပြီး ဝါဆိုလသည် လယ်ယာလုပ်အားရှင်တို့၏ တေးသံများဖြင့် ဆွတ်ပျံ့ဝေစည်နေပေသည်။

ဝါဆိုလသည် မြန်မာပြက္ခဒိန်လများတွင် စတုတ္ထမြောက်လဖြစ်ပြီး နွေဥတုရော၊ မိုးဥတုပါ နှစ်မျိုးစလုံး အကျုံးဝင်သောလ ဖြစ်ပါသည်။ နွေ၊ မိုး ရောနှောနေသော လရာသီဖြစ်သဖြင့် ကဆုန်၊ နယုန်လများကဲ့သို့ အပူရှိန်ပြင်းထန်ခြင်း မရှိတော့သည့်အတွက် ဝါဆိုလတွင် ရွာသွန်းသော မိုးရေသည် အလွန်အေးမြလှပါသည်။ ယင်းသို့ အေးမြသည့်ရာသီတွင် တောတန်းတစ်လျှောက်၌ ဖွေးဖွေးဖြူအောင် ပွင့်လျက်ရှိကြသည့် မိကျောင်းပန်းများကို ရည်ညွှန်းလျက် **''ဝါဆိုလပြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး''** ဟု မှတ်တမ်းပြုခဲ့ကြပေသည်။ ဝါဆိုလတွင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ ရေပြည့်လျှံနေသည်ကို အကြောင်းပြု၍ **''ဝါဆိုငယ်မှ ဝါခေါင်၊ ရေဖောင်ဖောင်နှင့်၊ ရွာတောင်ကချောင်း''** ဟူ၍ အိုင်ချင်းတစ်ပုဒ်တွင် စပ်ဆိုထားပါသည်။

ဝါဆိုလကို ကရကဋ်ရာသီဟုခေါ်ပြီး ပြုဗ္ဗာသာဋ် နက္ခတ်သည် လပြည့်ဝန်းနှင့်အတူ ယုဂန္ဓိုရ်တောင်ထိပ်၌ ယှဉ်ပြိုင်ထွန်းပ၍ နေမင်းကား ဖုသျှနက္ခတ်နှင့် ယှဉ်ပြိုင်ခြင်း၊ ရာသီရုပ်မှာ ပုစွန်လုံးဖြစ်ပြီး ရာသီပန်းများမှာ ပုန်းညက်ပန်းနှင့် မြတ်လေးပန်းတို့ဖြစ်ခြင်း၊ ရှေးမြန်မာဘုရင်များ ''ပဿင်းတော်ခံပွဲ'' ကျင်းပခြင်းစသည်တို့ကို အကြောင်းပြုလျက် မဟာအတုလမင်းကြီးက ဝါဆိုလဘွဲ့ လွမ်းချင်းတွင် -

''ကိုးခွင်ငယ်မှိုင်းပါလို့၊ မြင်တိုင်းမှာတဲ့ မည်းညို။
လဲ့လဲ့ငယ်စို၊ ယုဂန္ဓိုရ်တောင်မဟာက၊ ပြုဗ္ဗာသာဋ်
ထွန်းတဲ့လကိုလေး။
ဆင်တာရာငယ်၊ ရာသီ ကရကဋ်။
နရိန္ဒာလဲ၊ ညာတောင်နတ်နှင့်၊ ဖိုလ်မြတ်ကယ်နိဗ္ဗူ၊
အောင်ဆုယူလို့၊
ရှစ်ဖြူရိုပ်စံ၊ ပဿင်းတော်ခံသောအခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊
ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ်လေး--။''

ဟုစပ်ဆိုခဲ့လေသည်။

ဝါဆိုလပြည့်နေ့ကား **''သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ တစ်ချက်ပြာဋိဟာ''** ဟု ဆိုသည့်အတိုင်း ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထူးခြားသော မှတ်တမ်းဖြစ်ရပ်ကြီး လေးခုဖြစ်ပေါ်ခဲ့ပါသည်။ အဆိုပါ ဖြစ်ရပ်များသည် ဝါဆိုလပြည့်နေ့များ၌သာ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။

(၁) သက္ကရာဇ် ၆၇ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံအချိန်တွင် ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ ကြင်ရာတော် သီရိမဟာမာယာ မိဖုရားကြီး၏ ဝမ်းကြာတိုက်၌ ဘုရားလောင်းတော် သန္ဓေယူတော်မူခဲ့ခြင်း၊

(၂) ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသည့် နိမိတ်ကြီးလေးပါးကို မြင်တွေ့ပြီးသော အခါ သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံ အချိန်၌ တောထွက်တော်မူခြင်း၊

(၃) သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်ကို ရောက်တော်မူပြီးနောက် သက္ကရာဇ် ၁၀၃ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ နေဝင်စ အချိန်တွင် ပဉ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားတော် ဟောကြားခဲ့ခြင်း၊

(၄) သက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သင်းအား တန်ခိုးပြာဋိဟာကို ပြတော်မူခဲ့ခြင်း၊

ဤဝါဆိုလ၌ ဗုဒ္ဓ၏ တပည့် သံဃာတော်များသည် မိမိတို့ သီတင်းသုံးရာ ကျောင်းသင်္ခမ်း၌ ဝါကပ်မီသောအလေ့ဖြင့် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ သုံးလတိုင်တိုင် တစ်နေရာတည်း၌ သီတင်းသုံးကြရသည်။ ယင်းသို့ တစ်ကျောင်းတည်း၌ သီတင်းသုံးသည်ကို **''ဝါဆိုသည်၊ ဝါကပ်သည်''** ဟု ခေါ်ဝေါ်ကြပါသည်။ သာမန်အားဖြင့် ထိုဝါတွင်းသုံးလကာလအတွင်း ရဟန်းတော်များသည် မိမိသီတင်းသုံးသည့် ကျောင်းတိုက်မှ အခြားတစ်ပါးသို့ ခရီးယာယီ မသွားရပေ။ မလွှဲမရှောင်သာ သွားလာရသည့်အခါ ယင်းသို့သွားရသည့် ခရီးကို **'ဝါပန်သည်'** ဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ ရဟန်းတော်များအနေဖြင့် **'ဝါပန်'**သည့် အမှုကိုပြုခဲလှပါသည်။

ရှေးယခင်က ရဟန်းတော်တို့သည် ဝါဆိုလအခါ မိုးတွင်းကာလ၊ ထွန်ယက်စိုက်ပျိုးချိန်၌ သွားရီးသွားစဉ် ခရီးသွားလေ့ရှိကြရာ၊ လယ်ကန်သင်း၊ လယ်ကွင်းများကို ဖြတ်ကျော်သွားရသည့်အတွက် စိုက်ခင်းမှ သီးနှံများ၊ စပါးပင်များ ထိခိုက်ပျက်စီးသကဲ့သို့ ပိုးမွှားသတ္တဝါများ သေကျေကြသည်လည်းရှိသောကြောင့် လူပုဂ္ဂိုလ်တို့နှင့်တကွ သတ္တဝါတို့၏ အကျိုးစီးပွားကို မထိခိုက်စေရေးအတွက် ဝါတွင်းသုံးလ၌ ခရီးမသွားဘဲ မိမိကျောင်း၌သာ သီတင်းသုံးကြရန် မြတ်စွာဘုရားရှင်က ပညတ်တော်မူပါသည်။ ဤသို့ပညတ်သည်မှစ၍ ရဟန်းသံဃာများ ဝါဆို၊ ဝါကပ်သည့်အလေ့ပေါ်ပေါက်လာပြီး ဝါတွင်းသုံးလပတ်လုံး မိမိသီတင်းသုံးရာကျောင်း၌ မပြတ်နေထိုင်တော်မူကြရလေသည်။

သို့ဖြစ်ပါ၍ ဝါဆိုလတွင် ရဟန်းသံဃာတော်များနှင့် သက်ဆိုင်သော ဝါဆိုဝါကပ်ပွဲကို ကျင်းပပေသည်။

မြန်မာတို့သည် ဝါတွင်းသုံးလကို အလေးအမြတ်ပြုကြပြီး ထူးမြတ်သောကာလအဖြစ် သတ်မှတ်ကြသည်။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဝါတွင်းသုံးလတွင် ကျရောက်သော ဥပုသ်နေ့တိုင်းတွင် သီတင်းသီလ ဆောက်တည်ခြင်းပြုကြသည်။ ရှေးအခါက ဝါတွင်းကာလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလဆောက်တည်စေခြင်း၊ တရားဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းစေခြင်းတို့အတွက် တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း၊အင်ရုံရွာစားဝန်ကြီးသီရိဥဇနာရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် **''ပြည်သူပြည်သားတို့ ယခုဝါဆိုလသို့ ရောက်ပြီ၊ ပါဏာတိပါတာ သူ၏အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါနာ သူမပေးသော ဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာ သူ့မယားကို ပြစ်မှားခြင်း၊ မုသာဝါဒါ မဟုတ်မမှန်သော စကားကိုဆိုခြင်း၊ သုရာမေရယ သေရည်သေရက် သောက်ခြင်းတို့ကို ရှောင်ကြဉ်၍ ပဉ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့ကို ဆောက်တည်ရမည်။ အလှူပေးခြင်း၊ သီလသီတင်း ဆောက်တည်ခြင်း၊ ဘာဝနာ စီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာစိတ်ရှိသမျှကို လှူဒါန်းဆောက်တည်ကြကုန်''** ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ထို့နည်းတူ ငယ်စဉ်အခါက ရွတ်ဆိုခဲ့ကြသော ဝါတွင်းအချိန်ကာလ ယဉ်ကျေးမှုသရုပ်ကို ပေါ်လွင်သည့် **''ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းတက်မယ်၊ မောင်လဲလိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်၊ ကျောင်းကြီးပေါ်မှာ မောင်ငယ် ဆော့တော့ ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်။ မောင်မဆော့ပေါင် စိပ်ပုတီးနဲ့ ဘုန်းတော်ကြီးလို နေပါ့မယ် လိုက်မယ် လိုက်မယ်''** ဟူသော ဥပုသ်စောင့် ကဗျာလေးမှာလည်း ဘိုးဘိုးက ငှက်ပျောခိုင်ထမ်းလျက် ဘွားဘွားက ဆွမ်းအုပ်နီနီ ရွက်၍ ရွာဦးကျောင်းတော်ဆီသို့ ဥပုသ်စောင့်ရန်သွားကြပုံကို အမှတ်ရစေပါသည်။

ဝါဆိုလ၏မွှေးရနံ့ကို မဟာအတုလမင်းကြီးက **''ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညိုမာလာမင်းက၊ သင်းလှတယ်လေး''** ဟု ဖွဲ့ဆိုခဲ့သကဲ့သို့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း တွင်ကျယ်စွာ ဆောင်ရွက်သောကာလဖြစ်သည့် ဝါဆိုလတွင် စပါးပင်များ ရှင်သန်အားကောင်းပြီး ယင်းတို့ကို ပျိုးနုတ်၍ စနစ်တကျ ကောက်စိုက်သော အချိန်ကာလဖြစ်ပေသည်။ ဝါဆိုလ၌ မြန်မာ့လယ်ယာမြေတစ်ခွင်လုံး ကောက်စိုက်သမတို့၏ တေးသံဖြစ်သည့် -

''ပျိုလေးတို့ကောက်စိုက်ရာ
လိုက်လာနှင့်လေး
လိုက်လာလျှင် ၊ ရွှံ့စင်ရော့မယ်
ဖောင်းကြော့ရင်သွေး''
''ညည်းစိုက်တဲ့ကောက်ပင်ငယ်
မှန်း ဘယ်မျှကြီး
ဟောကြည့်စမ်း၊ တစ်နံ့ကို
ဆယ်ပြည်ထွက်တယ်၊ ဖြိုးအက်လို့သီး'' ...သည် လယ်ယာမြေ၏ ရိုးစင်းလှပသော တေးကဗျာများအဖြစ် ခေတ်အဆက်ဆက် သီဆိုလာခဲ့ကြသည်။

ထို့ကြောင့် **ဝါဆိုလသည် ဘာသာရေးအရ အရေးပါသောလဖြစ်သည်သာမက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အင်အားအပြည့်ဖြင့် အရှိန်အဟုန်ယူ လုပ်ကိုင်ရသောလဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဝါဆိုလပြည့်နေ့သည် ''သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာ'' ဟူသည့် ထူးခြားသောဖြစ်ရပ်များဖြင့် မွန်မြတ်ထင်ရှားလှပြီး ဝါဆိုလသည် လယ်ယာလုပ်အားရှင်တို့၏ တေးသံများဖြင့် ဆွတ်ပျံ့ဝေစည်နေပေသည်။** ဝါဆိုလသည် ဘာသာယဉ်ကျေးမှုကို ဖော်ညွှန်းပြဆိုသောလ ဖြစ်သည့်ပြင် နိုင်ငံတော်၏ရိက္ခာ ဖူလုံကာ စီးပွားတိုးတက်စည်ပင်စေမည့် လယ်ယာလုပ်ငန်း ဆောင်ရွက်မှုတို့ကိုလည်း စွမ်းစွမ်းတမံ လုပ်ကိုင်သည့်လဖြစ်သည့်အတွက် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ဖော်ဆောင်သော လမြတ်ဝါဆိုတွင် ငြိမ်းအေးချမ်းသာသော လူ့ဘောင်ဘဝသို့ ရောက်ရှိကာ သာယာဝပြောစည်ပင်စေကြောင်း ဆုတောင်းမေတ္တာပို့သ ရေးသားလိုက်ရပါသတည်း။ ။

ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့နှင့် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ သုံးမြို့နယ် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၇ရက် (ဝါဆိုလပြည့်နေ့)က ကျင်းပရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဆန်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၂၅)

ဇူလိုင် ၁၅ရက်က ကမာရွတ်မြို့နယ် အခြေခံပညာမူလတန်းကျောင်းအမှတ်(၂)၏ နှစ်စဉ် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲကို ကျင်းပရာ နေနတ်သားစာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တသုစိတ္တ(ဓမ္မကထိက)ထံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင် အမှူးပြု၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ပညာရေး)

ဇူလိုင် ၁၇ရက်က တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် သီရိမင်္ဂလာဓမ္မာရုံ သံဃဒါနဆွမ်းလောင်းအသင်းက ကြီးမှူး၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ထွန်း၊ ဓမ္မာရုံဥက္ကဋ္ဌ ဦးစိုးနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်ခင်နှင့် အမှုဆောင်များက ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၇၁)

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး(YMBA)၏ နဝမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်၁၇ရက်က ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇ရှိ အသင်းတိုက်ခန်းမ၌ ကျင်းပရာ ခရမ်းမြို့ ကံဦး ပရဟိတကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (တက္ကသိုလဓမ္မာစရိယ B.A, Buddhism) အမှူးပြုသော သံဃာတော်ငါးပါး ကြွရောက်တော်မူကြပြီး YMBA အသင်း ဥက္ကဋ္ဌ ဒေါက်တာ ကံညွန့်နှင့် အမှုဆောင်များ၊ အသင်းသားများ၊ အလှူရှင်မိသားစုများက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ဇူလိုင်၁၇ရက် (ဝါဆိုလပြည့်နေ့)က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကမ္မဋ္ဌာန်းကျောင်းတိုက်၏ (၃၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းကို ကျောင်းတိုက်၏သုံးထပ်ခန်းမဆောင်၌ ကျင်းပရာ ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယအား ကျောင်းတိုက်အကျိုးဆောင် ဦးခင်မောင်စိုးအဖွဲ့နှင့် အလှူရှင်ဒေါ်မြင့်မြင့်သိန်းမိသားစုတို့က ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

အင်္ဂပူနှင့်ဘိုကလေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

အင်္ဂပူမြို့နယ်လုံးကျွတ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၀၇ ကျောင်းမှ ဆရာတော် ၂၀၇ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သီလရှင် ၂၄ ပါးအတွက် လှူဖွယ်ပစ္စည်းများနှင့် အဘိုးအဘွား ၁၃ ဦးအတွက် အလှူငွေများပေးအပ်၍ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ မိုးကုတ်ဝိပဿနာ ဇေတဝန်ကျောင်း၌ ဘုန်းတော်ကြီးကျောင်း ၂၅ ကျောင်းမှ ဆရာတော် ၂၅ ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)**သီလရှင်အပါး ၄၀ တို့အား လှူဖွယ်ပစ္စည်းများပေးအပ်၍ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ဝန်ကြီးသည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ရောက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းအတွင်း ယာယီကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု၊ အမြဲတမ်းနေအိမ် ၁၀၃ လုံး ဆောက်လုပ်ပြီးစီးနေမှု၊ အိမ်ဝင်းများအတွင်း စားသုံးသီးနှံများ စိုက်ပျိုးထားရှိမှု၊ ယင်လုံအိမ်သာများ ဆောက်လုပ် ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများအား တွေ့ဆုံပြီး ဒီရေတောသစ်ပင်များ စိုက်ပျိုးထားရှိမှု၊ လက်တွန်းထွန်စက်ဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အားပေး

ထို့နောက် ဝန်ကြီးသည် ဓမ္မသုခကျေးရွာသို့ ရောက်ရှိပြီး ယာယီကျောင်းအတွင်း စာသင်ကြားနေမှုကို ကြည့်ရှုအားပေး၍ ကလေးများ အာဟာရကျွေးမွေးရန် အလှူငွေကျပ်တစ်သိန်း ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ရွာဦးကျောင်းသို့ရောက်ရှိပြီး ဆရာတော်အား ဖူးမြော်၍ ကျောင်းဆောင်များ အမိုးမိုးရန် သွပ်များလှူဒါန်းပြီး ကျေးရွာအတွက် ရိက္ခာများ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဝန်ကြီးသည် ကျွန်းညိုကြီးကျေးရွာအုပ်စု လသာချောင်း ကျေးရွာသို့ ရောက်ရှိပြီး ဇေယျာဝဏ္ဏာသိဒ္ဓိကျောင်းတိုက်ရှိ သက်တော် (၁၀၄)နှစ်ရှိ ဆရာတော် ဘဒ္ဒန္တဝိမလအား သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေကျပ်တစ်သိန်းကို ဆက်ကပ်လှူဒါန်းပြီး နယ်စည်းမခြား ဆရာဝန်များအသင်းမှ ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် ပေချောင်းကျေးရွာသို့ ရောက်ရှိပြီး ကံ့ကော်တစ်ထောင်ကျောင်းတိုက်အတွင်း ကလေးများ စာပေသင်ကြားပြသနေမှုကို ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် ကိုင်းတောအရှေ့ကျေးရွာသို့ ရောက်ရှိ၍ ယာယီကျောင်းဖြင့် စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့ပေါ်ရှိ ဒီပါရုံဘုန်းတော်ကြီးကျောင်းနှင့် မဟာသီဝံကျောင်းတိုက်တို့၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဘိုကလေးမြို့ လေဘေးကယ်ဆယ်ရေးကွပ်ကဲရေးရုံး၌ ကျင်းပသည့် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်သည်။ အခမ်းအနားတွင် T.K.W ကုမ္ပဏီမှ ဦးထွန်းထွန်းစိန်က အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းကလက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းမှ ဆုရရှိကြသူများအား ဆုချီးမြှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်

ရန်ကုန် ဇူလိုင် ၁၇

၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပိုစတာပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ ဆုရရှိကြသူများနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးလှဒေါင်းက ဆုချီးမြှင့်ပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၀၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ တက္ကသိုလ် အဆင့်၊ ကောလိပ်အဆင့်၊ အထက်တန်း အဆင့်၊ အလယ်တန်း အဆင့်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား လည်းကောင်း၊ ပိုစတာပြိုင်ပွဲအဆင့် (၁/၂/ ၃/၄)တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအားလည်းကောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအားလည်းကောင်း ဂုဏ်ပြုဆုနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

လေဘေးသင့်ဒေသများအတွက် ထိုင်းနိုင်ငံအစိုးရမှ ဆေးဝါးများလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် ထိုင်းနိုင်ငံအစိုးရမှ ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးဝါးများလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန် ပြည်သူ့ဆေးရုံကြီး အရှေ့ပေါ်နှင့် ပြင်ပလူနာအထူးကုဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံး၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက လှူဒါန်းရခြင်း အကြောင်းကို ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ထိုင်းနိုင်ငံအစိုးရမှလှူဒါန်းသော ဆေးဝါးများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Bansarn Bunnagကပေးအပ်လှူဒါန်းရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံပြီး**(ဝဲပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကို ရွှေသင်္ကန်းကပ်လှူရန် အဘွားဒေါ်ခင်မိအား အမှူးထား၍ ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကန်သာယာလမ်း အမှတ် ၃၅၁နေ မစန်းစန်းနွယ်က အလှူငွေကျပ် တစ်သိန်းကို ဂေါပကဦးလှထွန်းနှင့် ဦးစန်းဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးက ကြီးမှူး၍ ဇူလိုင် ၉ ရက်က အမှတ်(၁၀) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲနှင့်အတူ စာဖတ်ဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူးဒေါ်ခင်မကြီးနှင့် အမှတ် (၁၀) ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးမျိုးအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တိုင်းရင်းဆေးကုဌာနများသို့ ဆေးပဒေသာပင် စိုက်ထူ

ဟားခါး ဇူလိုင် ၁၇

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မတည်စိုက်ထုတ်လှူဒါန်းသော တိုင်းရင်းဆေးကုဌာနများသို့ ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီက ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ပြည်နယ်အတွင်းရှိ မြို့နယ်တိုင်းရင်းဆေးကုဌာနများသို့ ဒေသခံတိုင်းရင်းသားပြည်သူများ ကျန်းမာရေးအတွက် အထောက်အကူပြုစေရန် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌက ဆေးပဒေသာပင်စိုက်ထူငွေကျပ် သိန်း ၃၀ ကို ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။ ချင်းပြည်နယ်အတွင်း ဖွင့်လှစ်ထားသော ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ ကန်ပက်လက်နှင့် မတူပီမြို့နယ် တိုင်းရင်းဆေးကုဌာနများသို့ စိုက်ထူလှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

တရားရုံးများဆိုင်ရာ ဗုဒ္ဓဘာသာအသင်း (၅၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

တရားသူကြီးချုပ် ဦးအောင်တိုးအား အမှူးထား၍ တရားရုံးများဆိုင်ရာ ဗုဒ္ဓဘာသာအသင်း၏ (၅၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပရာ ဆူးခါးပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိတထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြကာ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့်ဇနီး ဒေါ်ခင်မာ၊ တရားရုံးချုပ်တရားသူကြီးများနှင့်ဇနီးများ၊ တရားရုံးချုပ်မှ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း တရားသူကြီးတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

အရုဏ်ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော်ထံမှ အနုမောဒနာတရားတော်ကို နာယူကြပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်တို့အား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့၊ ဓမ္မရတနာနှင့် သံဃာရတနာစတင် ပေါ်ပေါက်သောနေ့၊ ''ဧဟိ ဘိက္ခု'' ဟူသော မြတ်ဗုဒ္ဓ၏ ရွှေနှုတ်တော်ဖြင့် သံဃာ့အဖွဲ့အစည်းကို စတင်အုတ်မြစ်ချသောနေ့ စသည့် နေ့ထူးနေ့မြတ်ကြီးလည်း ဖြစ်သည်။

ဟောကြား

အထူးသဖြင့် ''ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေသွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းကပ်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည်ရွှမ်းတယ်ကို'' ဟူသော လယ်တီဆရာတော်ကြီး၏ ရတုလင်္ကာနှင့်အညီ ဝိနည်းမဟာဝါပါဠိတော်၌ ''ပဉ္စဝဂ္ဂိယကထာ'' ဟူ၍လည်းကောင်း၊ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ ''ဓမ္မစက္ကပဝတ္တနဝါရ'' ဟူ၍လည်းကောင်း၊မဟာဝဂ္ဂသံယုတ် ပါဠိတော်၌ ''ဓမ္မစက္ကပဝတ္တနသုတ္တ'' ဟူ၍လည်းကောင်း ပါရှိသော ပုရိမဒေသနာဓမ္မစကြာ တရားတော်မြတ်ကို မြတ်စွာဘုရားရှင်သည် မဇ္ဈိမတိုင်းဌာနီ ဗာရာဏသီပြည် မိဂဒါဝုန်တော၌ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့ နေဝင်ဆည်းဆာလဆန်းစ ချိန်ခါ၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားစင်စစ်အဖြစ်ကို ဝန်ခံသောအားဖြင့် ဟောကြားတော်မူခဲ့သည်။

ဤသို့ဖြင့် ဗုဒ္ဓဘာသာဝင်တို့အတွက် ''ဝါဆိုလပြည့်နေ့''သည် နေ့ထူးနေ့မြတ် အခါသမယ ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ တန်ခိုးကြီး ဘုရားပုထိုး ကျောင်းကန်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ ဓမ္မစက္က ပဝတ္တနသုတ်တော် ရွတ်ဖတ်ပူဇော်သံများဖြင့် လွှမ်းခြုံ၍ ဒါနမှုပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ သမထ၊ ဝိပဿနာဘာဝနာပွားများသူ၊ ရဟန်း၊ ရှင်လူ၊ ပြည်သူအပေါင်းတို့ဖြင့် အထူးစည်ကားများပြားလျက် ရှိသည်။

ရွှေတိဂုံစေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၀ ပြည့်နှစ် (ဝါဆိုလပြည့်) ဓမ္မစကြာ အခါတော်နေ့ သီလခံယူပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာတရားနာယူပွဲ အခမ်းအနားကို နံနက်အရုဏ်တက်တွင် စတင်ကျင်းပရာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ရွှေကြာသင်္ကန်းတော်များဖြင့် စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည် ပူဇော်ပြီး မုခ်ဦးအာရုံခံ တန်ဆောင်းများရှိ ရုပ်ပွားတော်လေးဆူနှင့် စေတီတော်အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်တို့အား ဆက်ကပ်လှူဒါန်းပူဇော်ခြင်းတို့ကို ကျင်းပသည်။

ဆူးလေစေတီ

ထို့အတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို နံနက်၈နာရီက ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဝန်ထမ်းများက ဝါဆိုရွှေကြာသင်္ကန်းတော်များကို ပန်းဖလားကိုင်၊သာသနာ့အလံကိုင်၊ ကြေးစည်ကိုင်၊ ငွေဖလားကိုင်များ ခြံရံ၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ယင်းနောက်စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဝါဆိုရွှေကြာသင်္ကန်းတော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဗိုလ်တထောင်စေတီ

ထို့အတူ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ နံနက်အရုဏ်တက်မှစ၍ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး နံနက်၁၀နာရီတွင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်း လုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် နိဗ္ဗာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝါသဝက ဥပုသ်သီလချီးမြှင့်တော်မူပြီး မွန်းလွဲ ၁ နာရီခွဲတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓဝင်ကျောင်း ဦးစီးပဓာနနာယက ရေစကြိုဆရာတော် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါယာမိန္ဒက လည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာဇောတိကာရာမတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဂါရဝကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူသည်။

ကမ္ဘာအေးစေတီ

အလားတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၌ ဂေါပကအဖွဲ့ကကြီးမှူး၍ ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ဓမ္မစကြာ အခါတော်နေ့ ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် ဓမ္မပူဇာမင်္ဂလာ အခမ်းအနားကို မွန်းလွဲ၁နာရီတွင် အဆိုပါစေတီတော်ရှိ အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက ဦးဆောင်၍ ဝတ်အသင်းအဖွဲ့များနှင့်အတူ စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုသင်္ကန်းများကို ကပ်လှူပူဇော်ကြသည်။

ရွှေဘုန်းပွင့်စေတီ

ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူး၍ (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို မွန်းလွဲ၂နာရီတွင် အဆိုပါစေတီတော် ဓမ္မာရုံ၌ကျင်းပရာ ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေဘုန်းပွင့်စေတီတော် ဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ရွှေဘုန်းပွင့် စေတီတော် ရွှေဘုံသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သာသနဓဇ သိရီပဝရဓမ္မာစရိယ ဘဒ္ဒန္တဝါယမထံမှ ပရိသတ်တို့က နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ပရိသတ်တို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တဝါယမက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ရွှေဘုန်းပွင့်စေတီတော်၌ ယနေ့အရုဏ်တက်ချိန်မှစ၍ အရုဏ်ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်းကြသူများ၊ဒါန၊သီလ၊ဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မဟာဝိဇယစေတီတော်

အလားတူ မဟာဝိဇယ စေတီတော် ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီး၊ ခြောက်ထပ်ကြီးနှင့် အတုလ အဓိပတိ မဟာသကျ ကိုးထပ်ကြီးရုပ်ပွားတော်မြတ်ကြီး၊ အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ကျိုက္ကစံ ဆံတော်ရှင် စေတီတော်၊ မယ်လမုစေတီတော်၊ ရန်ကုန်တိုင်း မြို့နယ်အသီးသီးတို့ရှိ မြို့ဦးစေတီတော်များ အပါအဝင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးစေတီတော်များ၌ ဓမ္မစကြာအခါတော်နေ့များကို အစီအစဉ်အတိုင်း ကျင်းပကြပြီး အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း ဆက်ကပ်လှူဒါန်းကြသော ဘုရားဖူးလာ ပြည်သူများဖြင့်အထူးစည်ကားလျက်ရှိသည်။

စည်ကား

အလားတူ နေပြည်တော် တပ်ကုန်းရွှေဟင်္သာတောင်ခြေရှိအောင်မြင်ချမ်းသာ ဆုတောင်းပြည့်ဘုရားကြီး၌လည်း ဘုရားအနေကဇာတင်ခြင်း၊ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဓမ္မစကြာ တရားတော်များရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ကြပြီး ရွှေဟင်္သာတောင်တော်ပေါ်ရှိ ဘုရားများ၌လည်း ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ရွှေကြက်တောင်စေတီတော်၌လည်း ဗုဒ္ဓဘာသာဝင်များသည် ရွှေကြက်တောင် ဆရာတော်အား ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းနှင့်ဓမ္မစကြာတရားတော် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတို့ဖြင့် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကို ကျင်းပကြသည်။ **(သတင်းစဉ်)**

ဝါဆိုလပြည့်နေ့က မင်္ဂလာတောင်ညွန့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ (၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ရှေးဟောင်းသမိုင်းဝင်ဒေဝသာဂရ ရဟန္တာသိမ်တော်ကြီးဘက်စုံမွမ်းမံပြုပြင်ရေး အလှူငွေပေးအပ်ပွဲကို သိမ်တော်ကြီးအတွင်း ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလက ဆရာတော်ထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (၁၂၃)

လောကလမင်း လင်းသည့်ချိန်

* မိဂဒါဝုန်၊ သာမျိုးစုံ၏
ရဂုံမြိုင်လုံး၊ ရှုမဆုံးအောင်
ပုန်းညက်ဖွေးစို၊ ပျံ့သင်းချိုသည့်
ဝါဆိုညချမ်း၊ အလှဆန်းစွ
လစန်းသီတဂူ၊ ဤဇမ္ဗူသို့
ကြည်ဖြူဝင်းပ၊ အလင်းငှစဉ်
ဓမ္မစကြာ၊ ဒေသနာကို
မြတ်စွာဗုဒ္ဓ၊ ရွှေနှုတ်မှလျှင်
ဟောပြအထူး၊ တရားဦးကို
ညွှတ်နူးရှင်ပျူ၊ ပန်ဆင်ရသည်
ပဉ္စဝဂ္ဂီ ငါးဦးတည်း။

* ဓမ္မစကြာ၊ ဒေသနာကား
သစ္စာလေးပါး၊ မြတ်တရားကို
ထင်ရှားလူနတ်၊ မြင်စေအပ်သည်
အမြတ်ခေါင်ဖူး၊ တရားဦးတည့်
ညစ်ညှုးဘိရာ၊ ကိလေသာနှင့်
ဇာတိစသား၊ ဒုက္ခများတို့
မြစ်ဖျားခံရာ၊ ကြောင်းရင်းမှာလျှင်
တဏှာအစစ်၊ ဧကန်ဖြစ်၏
မဇ္ဈိမပဋိပဒါ၊ မဂ်ရှစ်ဖြာဖြင့်
ဇာတိဒုက္ခ၊ ချုပ်ငြိမ်းရအောင်
ပယ်ရမည်မှာ၊ ထိုတဏှာဟု
ကောင်းစွာပြညွှန် ခဲ့ခြင်းတည်း။

* ''သြော်…ကာမသုခလ္လိက၊ အတ္တကိလမထ
စွန်းစနစ်ပါး၊ မလိုက်စားဘဲ
ရှစ်ပါးမဂ်၏၊ ဉာဏ်မျက်စိဖြင့်
မဇ္ဈိမ ပဋိပဒါ၊ မြတ်ဓမ္မာကို
ကောင်းစွာမြင်သိ၊ ဆင်ခြင်ဘိ''ဟု
အရိယသစ္စာ၊ ထွန်းလင်းလာအောင်
မဟာကရုဏာတော်၊ မေတ္တာတော်ဖြင့်
ဟောဖော်ညွှန်ပြ၊ မြတ်ဗုဒ္ဓအား
ပဉ္စဝဂ္ဂီ၊ စသည်ဝင်ပါ
ဗြဟ္မာနတ်အပေါင်း၊ ခြိမ့်ခြိမ့်သြောင်းမျှ
ကောင်းချီးတူမျှ၊ ပူဇော်ကြသည်
လောကလမင်း လင်းချိန်တကား။ ။

မြင်းမူမောင်နိုင်မိုး

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်မြို့ ကိုးမိုင်မဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက်၈နာရီက မဟာစည်ဓမ္မာရုံကြီး၌ကျင်းပရာ အခမ်းအနားမှူးအဖြစ် ဟိတေသီအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က ဆောင်ရွက်သည်။

ရွတ်ဆိုပူဇော်

ထို့နောက် ဟိတေသီအဖွဲ့ ယောဂီများက ဝါဆိုပန်းနှင့်ဆီမီးများဆက်ကပ်လှူဒါန်းပြီး ဓမ္မစကြာပါဠိတော်နှင့် ရှစ်လုံးဘွဲ့ကဗျာများကို ညီညာဖျဖျ ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးက ဓမ္မစကြာတရားတော်များကို ဟောကြား ချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အလှူရှင်များက ဝါဆိုသင်္ကန်းများကို ဆရာတော်ကြီးထံ တစ်ဦးချင်း ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)** ဆွမ်းပဒေသာအလှူရှင် ဦးသာငွေး-ဒေါ်ကြည်ကြည်ခင် မိသားစု စသော အလှူရှင်များအား ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာ၍ ဂုဏ်ပြုလွှာချီးမြှင့်သည်။ ဆက်လက်၍ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ အလှူရှင်များ၏ ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျောင်းကန်ဘုရား ကုသိုလ်ပွား ကောင်းမှုထိုထို လဝါဆို

ရွှေဘုန်းပွင့်စေတီတော်

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) က ပုဇွန်တောင် မြို့နယ်ရှိ ရွှေဘုန်းပွင့် စေတီတော်မြတ်အား ဤသို့ကြည်ညို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

(မြန်မာ့အလင်း)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် ကြက်ပျံမကျ စည်ကားလျက်ရှိသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဓာတ်ပုံ
တင်စိုး
(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
သန်းဇော်

သန္ဓေ တောထွက် ဓမ္မစက် တစ်ချက်ဟောင့်ဟာ

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)က ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့ သွားရောက်ဖူးမြော်ရန် လှေဆိပ်၌ စောင့်ဆိုင်းနေသော ရပ်နီးရပ်ဝေးမှ ဘုရားဖူးပြည်သူများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

ဝါဆိုလပြည့်(ဓမ္မစကြာအခါတော်နေ့)က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျ အတုလမာရဇိန်ကြေးသွန်းဘုရားကြီးတွင် ဘုရားဖူးလာပြည်သူများ သီလပေး တရားနာယူကြစဉ်။

(မြန်မာ့အလင်း)

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)က စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားတွင် ဝါဆိုဦးဆွမ်းတော်ကြီးတင်ပွဲနှင့် နဝဂုဏဗုဒ္ဓမာမက သာသနာပြုအဖွဲ့ (၂၆)နှစ်မြောက် ဝါတွင်းအဓိဋ္ဌာန်ဖွင့်ပွဲ ပဏာမ နဝင်္ဂ အလှူတော် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာတို့ဖြင့် လယ်တီမဟာသရဏဂုံတော်ကြီး (၁၄၅၇)ကြိမ်မြောက် ပူဇော်ပွဲကျင်းပစဉ်။ (၁၀၃)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေ နှစ်ဧကဝယ်ယူရရှိပြီးသော မြေ၌ ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကျိုက္ကဆံ ရပ်ကွက် ကြောင်မျက်ရှင်လမ်း အမှတ်၃နေ မိခင်ကြီး ဒေါ်သီလှအား ရည်စူး၍ သားသမီး၊ မြေးတစ်စုက အလှူငွေ ကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဉာဏဂ္ဂ(ပညာမြေကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

နည်းဥပဒေလုပ်ထုံးလုပ်နည်းများ သိရှိနားလည် အထက်ဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်

ဝန်ကြီးဗိုလ်ချုပ်စောလွင် လားရှိုးနှင့်မူဆယ်၌ ဌာနဆိုင်ရာများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် ဇူလိုင်၁၃ရက် နံနက်၁၁နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဦးစီးဌာနမှူးရုံးနှင့် လားရှိုးခရိုင်နှင့်မြို့နယ်ဦးစီးဌာနမှူးရုံးတို့မှ ဝန်ထမ်းများအား တွေ့ဆုံရာ ရှေးဦးစွာ ပြည်နယ်ဦးစီးဌာနမှူးဦးထွန်းထွန်းစိုးက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ခရိုင်နှင့်မြို့နယ်များအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

လိုက်နာဆောင်ရွက်

ထို့နောက်ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဝန်ထမ်းများသည် မိမိ ဝန်ကြီးဌာနနှင့် ပတ်သက်သည့် နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အထက်ဌာနများ၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇူလိုင် ၁၄ရက် နံနက် ၉ နာရီခွဲတွင် မူဆယ်မြို့ရှိ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ်(နန်းတော်ဂိတ်)သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ ကွန်ပျူတာဖြင့် နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ထုတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် မူဆယ်မြို့နယ် ဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံ မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည်အဆိုပါရုံး၌ လုပ်ငန်းဆိုင်ရာ မှတ်တမ်းပုံစံများ ပြသထားမှုနှင့် မှတ်တမ်းခန်းတို့ကို လှည့်လည်ကြည့်ရှု ကြောင်းသတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မန္တလေးတက္ကသိုလ်/အခြေခံပညာကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၁၄ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ရတနာပုံတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အောင်ချက်မြင့်မားရေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အမှတ်(၂၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးများ၊ အထက်တန်းကျောင်းအုပ်ကြီးများ၊ တက္ကသိုလ်ဝင်တန်းသင်ဘာသာရပ်မှူးများ၊ အတန်းမှူးများနှင့်တွေ့ဆုံကာ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းအလိုက်ရရှိခဲ့သည့် အောင်ချက် ရာခိုင်နှုန်းများအပေါ်ဆန်းစစ်ပြီး လာမည့်တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာရပ်များအလိုက် မျှော်မှန်းအောင်ချက် ရာခိုင်နှုန်းထားရှိရေး၊ အောင်ချက်မြင့်မားရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)



မြောက်ဥက္ကလာပမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်း၏ သန့်လေးသန့်စီမံချက်ဖြင့် အဆင့်မီကွန်ကရစ်ရေလောင်းအိမ်သာသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက်က အဆိုပါကျောင်း ငမိုးရိပ်ခန်းမဆောင်၌ ကျင်းပရာ အဆင့်မီရေလောင်းအိမ်သာသစ်နှင့် စပ်လျဉ်းသည့်စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်မူထံ လွှဲပြောင်းပေးအပ်စဉ်။ (၁၁၈)

အသင်းအလံပေးအပ်

ဇူလိုင် ၉ ရက်က ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲကို အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကိုက အသင်းအလံများကို အသင်းခေါင်းဆောင်များထံ ပေးအပ်စဉ်။ (က-ပ)

ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား ထီးတော်ကြီး ပြန်လည်ပြုပြင်ရန် အလှူငွေများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၇

မုန်တိုင်းဒဏ်ကြောင့် ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးဘုရား သံစေတီထီးတော်ကြီးနှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ ကျိုးကျပျက်စီးသွားသည်။ ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့သည် ပျက်စီးသွားသော ထီးတော်ကြီးအား ပြန်လည်ပြင်ဆင်ရန်အတွက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမှတ်(၃) စစ်ဒေသ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဩဝါဒါစရိယဆရာတော်များ၏ ဩဝါဒကို ခံယူ၍ ထီးတော်ကြီးအား **(အပေါ်ပုံ)** ဇူလိုင် ၁ရက်က အပြီးအစီးချ၍ ရဟန်းရှင်လူ ပြည်သူများ ကြည်ညိုပူဇော်ကုသိုလ်ယူနိုင်ကြပါရန် ဘုရားကြီး၏ရင်ပြင်တော်၌ ပူဇော်ထားရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အဘိဓမ္မာမဟာသိပ္ပံသို့ အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူအလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ဒေါ်သီဂီအောင်၊ ဒေါ်ခင်သူဇာအောင် အမှတ်(၇၀) မင်္ဂလာလမ်း စမ်းချောင်းမြို့နယ် ကိုယ်စား အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ အထွေထွေအတွင်းရေးမှူး ဦးသိန်းဟံက မဟာသိပ္ပံ အဆောက်အအုံဆောက်လုပ်ရန်အတွက် အလှူငွေကျပ် ၂၅၀၀၀၀ကို ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ရှိ မဟာသိပ္ပံ၏ အလှူခံဌာနတွင် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံ၏ဥက္ကဋ္ဌနှင့် ဒုတိယပါမောက္ခချုပ် အငြိမ်းစားသံအမတ်ကြီး ဦးမြသန်းထံ လှူဒါန်းရာ ဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(ယာပုံ)**

လှူဒါန်းနိုင်

လှူဒါန်းလိုသော စေတနာရှင်များသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း အမှတ် ၂၉၅-၂၉၇ရှိ သာစုကာရီဓမ္မာရုံ ဖုန်း-၂၅၄၁၀၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပုသိမ်ခရိုင် မြတ်မော်တင်စေတီတော် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

သတင်းမှတ်စု - မောင်တင်လှိုင်(ဟိုတယ်/ခရီး)

ပုသိမ် ဇူလိုင် ၁၇

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ်ရှိ တန်ခိုးကြီးသာသနာ့သမိုင်းဝင် မဟာမကုဋ္ဌရုံသိဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီးနှင့် အရံစေတီတော်များအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် အရံစေတီတော်များအား ရွှေထီးတော်တင်မဟာမင်္ဂလာအခမ်းအနားကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့် ဇူလိုင် ၁၇ရက် နံနက် ၇နာရီ မိနစ်၂၀ တွင် ဆံတော်ရှင် မြတ်မော်တင်စေတီရင်ပြင်တော်နှင့် မင်္ဂလာမဏ္ဍပ်ရုံ၌ ကျင်းပခဲ့သည်။

ကိုးပါးသီလ

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဧရာဝတီတိုင်း သာသနာရေးဦးစီးမှူး ဦးဇော်ဇော်ဦးက ဆောင်ရွက်၍ ကုန်းသာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံမှ ကိုးပါးသီလခံယူကြပြီး ရတနာအုပ်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ နန္ဒမာလာက အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဇနီး ဒေါ်ဝင်းဝင်းမော်၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်၊ နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်သန်း၊ တိုင်းအတွင်းရေးမှူး ဦးကျော်စန်း၊ ရဲမှူးကြီး သူရတင်လှ၊ ပုသိမ်ခရိုင် ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာရှိ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

တင်လှူပူဇော်

စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား ကုန်းသာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသနှင့် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ ဗိုလ်မှူးချုပ်ဇင်ယော်နှင့် ဗိုလ်မှူးချုပ်မျိုးမြင့်သန်း၊ ဂေါပက တွဲဖက်အတွင်းရေးမှူး ဦးညွန့်မြိုင်တို့က ဆံတော်ရှင်မြတ်မော်တင်ဘုရားကြီးအား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူခဲ့ကြသည်။

အရံစေတီ

လေဘေးဒဏ်ခံခဲ့ရသော ဘုရားကြီးနှင့် အရံစေတီ ၁၆ဆူ၊ အင်္ဂါထောင့်တွင် ဓာတ်ပေါင်းစု ကိုးထောင်စေတီ တစ်ဆူ၊ ဖောင်တော်ဦးစေတီ တစ်ဆူ၊ ဖောင်တော်ဆိပ်စေတီ တစ်ဆူနှင့် ဖောင်တော်ဆိပ်စေတီတွင် အရံစေတီရှစ်ဆူတို့အား ရွှေထီးတော်များကို အလှူရှင်များက တင်လှူခဲ့ကြသည်။ ယခုအခါရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ်တို့ကို တစ်ဖန်ပြန်လည်

တင်လှူပူဇော်ခဲ့ပြီး စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့သည်။ အရံစေတီများကိုလည်း လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့သဖြင့် လွန်စွာသပ္ပာယ်စွာ ဖူးမြော်ခဲ့ရသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီ

မဟာသက္ကရာဇ် ၁၀၃၃ခုနှစ် ဝါဆိုလပြည့်နေ့တွင် ဂေါတမမြတ်စွာဘုရား၏ ဆံတော်ဓာတ်ရှစ်ဆူကို တဖုဿနှင့် ဘလ္လိက ညီနောင်တို့ ပင့်ဆောင်လာသော ဆံတော်များအနက် ဇေယျသေန နဂါးမင်းသည် တန်ခိုးဖြင့် ဆံတော်ဓာတ်နှစ်ဆူကို ရယူခဲ့ပြီး လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အကျိုးများဖွယ် ကိုးကွယ်ရာသာဖြစ်သင့်သည်ဟု ကြံစည်ပြီးလျှင် ရှေးအခါ သရနတောင် ယခုမော်တင်တောင်တွင် သမုဒ္ဒရာအတွင်းမှ ထုတ်ယူအပ်သော မြသားရတနာတို့ဖြင့် စိုင်တမော့အရွယ်ရှိ စေတီတော်မြတ်ကို တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့၊ စံပြရွာ၊ အင်္ဂါဝါ၊ ကျောက်ချောင်း၊ ခမောက်မော်နှင့် ကံချိုင်ရွာ၊ ဇီးချိုင်ရွာတို့၏ အလှသည်ကား တိုင်းရေကို တင့်တယ်စေပါသည်။ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဦးဆောင်မှုဖြင့် ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်မပြတ် တပေါင်းလဆန်း ၁ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါသမယများမှလည်း သာသနာအရောင် ထွန်းလင်းပြောင်စေရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာနှင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက စနစ်တကျ စည်းလုံးညီညွတ်စွာ ဆောင်ရွက်လျက်ရှိကြပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်ပရိသတ်များ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပထမအကြိမ် မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပထမအကြိမ် မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်တပ်ကုန်း ဆရာစံရပ်ကွက် ကျောင်းသစ်ကျောင်းတိုက်ရှိ ဝေဇယန္တာဓမ္မာရုံကြီး၌ ကျင်းပရာ ကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ဇနီး၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက် ကြည်ညိုကြသည်။

ကိုးပါးသီလခံယူဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော် ဘဒ္ဒန္တကုမာရ ထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်း မိသားစုများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တကုမာရ ထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်တို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ (သတင်းစဉ်)

မှဲ့ဒိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၁၇

မှဲ့ဒိုမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၃ရက် နံနက် ၉နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မြစပါယ်လမ်းရှိ ပါရမီ ဝိဇ္ဇောတာရုံစာသင်တိုက်၌ ကျင်းပသည်။

(အောက်ပုံ)

ဆက်ကပ်

လှူဒါန်းပွဲတွင် ဝိဇ္ဇောတာရုံ စာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇောတ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာရာမမွန်ကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကေတုမာလာတို့ အမှူးပြုသော ပင့်သံဃာတော် ၁၀ပါးတို့အား အသင်း ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း (ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒုတိယ ဗိုလ်မှူးကြီးအေးကျော် (ငြိမ်း)နှင့် ဦးသာလှ၊အတွင်းရေးမှူး ဦးအောင်လှထူးနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ မိသားစုဝင် အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက်ဆရာတော်ဘဒ္ဒန္တဝိဇ္ဇောတ ထံမှ အနုမောဒနာ တရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး (မှဲ့ဒိုမောင်မောင်)-ဒေါ်သန်းသန်းဦး (ဂျပန်ကားပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့၏ မတည်လှူဒါန်းမှုဖြင့် အသင်းဝင်မိသားစုများက ပင့်သံဃာတော်များနှင့် ဝိဇ္ဇောတာရုံစာသင်တိုက်မှ စာချစာသင် သံဃာတော်အပါး ၁၀၀ ကျော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

နေပြည်တော်အတွင်းရှိ လျှပ်စစ်ဓာတ်အားခွဲရုံများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ရက် နံနက်စနာရီခွဲက နေပြည်တော်တပ်ကုန်းအတွင်း တည်ဆောက်ဆဲ ရွှေမြို့ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားခွဲရုံရှင်းလင်းဆောင်၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း အလယ်ပိုင်းစီမံကိန်းမန်နေဂျာ(၁) ဦးတင်အောင်က ဓာတ်အားလိုင်းများအတွက် တာဝါတိုင်များတည်ဆောက်ပြီးစီးမှု၊ ဖီဒါအလိုက် ဓာတ်အားဖြန့်ဖြူးပေးနိုင်မည့်အခြေအနေနှင့် ဓာတ်အားခွဲရုံအတွက် ပစ္စည်းများရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားခွဲရုံအတွင်းရှိ ဆောက်လုပ်ဆဲ Control Room၊ Switch Gear Room၊ Switch Yard အတွင်းနှင့် ဓာတ်အားခွဲရုံအတွက် ပစ္စည်းရောက်ရှိမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဥတ္တရသီရိမြို့အနီးတွင် တည်ဆောက်လျက်ရှိသည့် နေပြည်တော်ဓာတ်အားခွဲရုံ အမှတ်(၈)သို့ လည်းကောင်း၊ နေပြည်တော်ဓာတ်အားခွဲရုံ အမှတ်(၂)၊ နေပြည်တော်ပျဉ်းမနားမြို့ပေါ်ရှိ ပင်မဓာတ်အားခွဲရုံ၊ နေပြည်တော် ပင်မဓာတ်အားခွဲရုံ၊ နေပြည်တော်ဓာတ်အားခွဲရုံ အမှတ်(၆)နှင့် နေပြည်တော်ဓာတ်အားခွဲရုံ အမှတ်(၃)တို့ကို လည်းကောင်း လှည့်လည် စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့အား အမှူးထား၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ လှူဒါန်းပွဲသို့ နေပြည်တော်ပျဉ်းမနား စုဋ္ဌာမဏိ ရန်အောင်မြင်ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ရေစက်ကျောင်း၊ ပုံ့သကူကျောင်း၊ ယောက်သွားအင်းကျောင်း၊ ရွှေအိုးဘိုကျောင်းတို့မှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိ၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ နေပြည်တော်ပျဉ်းမနား စုဋ္ဌာမဏိ ရန်အောင်မြင်ကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသထံမှ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး ဒေါ်ခင်မိမိတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်း၍ **(အပေါ်ပုံ)**ဆရာတော် သံဃာတော်များက ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသထံမှ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီးဒေါ်ခင်မိမိတို့ အမှူးပြုသော ပရိသတ်များက သာဓုအနုမောဒနာတရားကို နာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ၂၇လမ်း အမှတ် ၁၂၂ နေ ဦးလှဖေ-ဒေါ်ခင်ခင် မိသားစုက နှစ်ဖက်သော မိဘများအား ရည်စူး၍ အလှူငွေ ကျပ်တစ်သိန်း တစ်သောင်းကို လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် လက်ခံယူစဉ်။

(က-ပ)

ဗိုက်သုံးဗိုက်နဲ့ ဗျာများနေတဲ့ ကျော်ရဲအောင် ဖူးစာမဆုံ ဆုံအောင် အတင်းဆုံခိုင်းထားတဲ့ ဖူးစာလမ်းဆုံ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဇူလိုင် ၁၇

ဒီသောကြာပတ်မှာလည်း သမ္မတရုံမှာ လူဝင်မစဲသေးတဲ့ ဟော့ရှော့ **ဆက်ပြနေတုန်းပါပဲ။ လာမယ့် သောကြာပတ် (ဇူလိုင်၂၅ရက်)ကျမှ ဒါရိုက်တာအောင်ဆွေရိုက်ကူးတဲ့** ရင်ခုန်နှင်းဆီ **ရုပ်ရှင်ဇာတ်ကားသစ် ရုံဝင်မယ်လို့သိရပါတယ်။ မင်္ဂလာကုမ္ပဏီက ရုပ်ရှင်ရုံတွေမှာ မြန်မာရုပ်ရှင်ဇာတ်ကားသစ်တွေ အဝင်ကျဲနေလို့ မြန်မာရုပ်ရှင်ကြည့် ပရိသတ်တွေကို နိုင်ငံတကာနဲ့ တစ်ပြိုင်တည်းနီးပါး ကြည့်နိုင်အောင် နိုင်ငံခြားရုပ်ရှင်ကားသစ်တွေ စီစဉ်တင်ဆက်ပြသနေတာ ကျေးဇူးတင်ရမှာပါ။**

အထူးသဖြင့် သွင်ရုံမှာ ပြနေတဲ့ **Love Story 2050** နဲ့ ရှေ့ဆောင်ရုံမှာ ပြနေတဲ့ **Indiana jones-4** ဇာတ်ကားတွေဆိုရင် နိုင်ငံတကာမှာ ပြနေဆဲ အသစ်စက်စက် ဇာတ်ကားတွေ ဖြစ်ပါတယ်။ မင်္ဂလာရုံမှာပြနေတဲ့ **10000 BC** နဲ့ နေပြည်တော်ရုံက **Ironman** ဇာတ်ကားတွေလည်း သိပ်မဟောင်းသေးတဲ့ ကားကောင်းတွေပါပဲ။

ဗိုက်ဗိုက်ဗိုက်

ဒီတစ်ပတ်ရုံကားကြီး မဝင်သေးလို့ ဒီဗွီဒီကားသစ် နှစ်ကားနဲ့ မိတ်ဆက်ပေးလိုက်ပါတယ်။

ဒါရိုက်တာ ကိုဇော် (အရဏ်ဦး) ရိုက်ကူးပြီး စိန်ငွေး ဗီဒီယိုထုတ်လုပ်ရေးက တင်ဆက်လိုက်တဲ့ **ဗိုက်ဗိုက်ဗိုက်** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားက မဟာမြိုင်နဲ့ နဝဒေးရုံမှာ ရုံဝင်လာပါတယ်။ ကိုရွှေမိုးသက်က လမင်းမိုမို့ရဲ့ ဝတ္ထုကို ဇာတ်ညွှန်းခွဲထားတာပါ။ သာမန်အိမ်ထောင်ရေး အဆင်မပြေတာလေးကို ပြဿနာလုပ်ပြီး ရိုက်ထားတာပါ။ ဒီဇာတ်ကားမှာ ကျော်ရဲအောင်နဲ့ စိုးမြတ်သူဇာက တစ်တွဲ၊ ရန်အောင်နဲ့ထွန်းအိန္ဒြာဗိုက တစ်တွဲ၊ ပြေတီဦးနဲ့နဝရတ်က တစ်တွဲ တွဲထားပါတယ်။ ဒီသုံးတွဲကြားမှာ ဗျာများရသူက ကျော်ရဲအောင်ပါ။ ဒီကားမှာ

Indiana Jones-4 ဇာတ်ကားမှ ကြာပွတ်မင်းသား ဟယ်ရီဆင်ဖို့ဒ်။

ကျော်ရဲအောင်က ဝါရင့်သရုပ်ဆောင်ပီပီ အကောင်းဆုံး သရုပ်ဆောင်သွားပေမယ့် သားယောကျ်ားလေး မမွေးဘဲ သမီးမိန်းကလေး မွေးရမလားဆိုပြီး စိုးမြတ်သူဇာကို အသားလွှတ်ကြီး ဂျီကျတာရယ်၊ ကုမ္ပဏီတစ်ခုတည်းလုပ်ပြီး ဖုန်းမှားယူရလောက်အောင် ရင်းနှီးနေပါလျက်နဲ့ နာမည်တူ သူငယ်ချင်းရှိနေတာ ဇနီးများက မသိတာရယ်။ ဖယ်ကြည့်ရင် ကြည့်ပျော်ပါတယ်။ လွဲပဲလွဲနိုင်လွန်းတယ် **ဗိုက် ဗိုက် ဗိုက်** ရယ်လို့ပဲ ဆိုပါရစေတော့။

ဖူးစာလမ်းဆုံ

ရွှေသံလွင်ဖြိုးက ထုတ်လုပ်ပြီး ဂေါက်ကြီးနဲ့ သစ္စာပိုင်စိုးတို့ရဲ့ ဇာတ်လမ်း ဇာတ်ညွှန်းကို ဒါရိုက်တာ မိုက်တီးရိုက်ကူးတဲ့ **ဖူးစာလမ်းဆုံ** ဒီဗွီဒီဇာတ်ကားက လာမယ့်သောကြာပတ်မှာ နဝဒေးနဲ့ မဟာမြိုင်ရုံမှာ ရုံဝင်လာမှာပါ။

ဖူးစာလမ်းဆုံ မှာ ဒွေးနဲ့ နန္ဒာလှိုင်တို့ အဓိက ပါဝင်ထားပါတယ်။ ဒွေးမရှိတော့တာ တစ်နှစ်ကျော်ပေမယ့် ဒွေးရဲ့ကားသစ်လေးတွေ ခုထိထွက်နေတုန်းမို့ ဒွေးအလွမ်းပြေ ကြည့်ချင်သူတွေအတွက် ဇာတ်လမ်းကြောင့် အလွမ်းမပြေနိုင်ဖြစ်ရပါတယ်။

ဇာတ်လမ်းက သေအံ့မူးမူးဖခင်ကြီးရဲ့ ကျေးဇူးတရားတွေကို ဘဝနဲ့ရင်းပြီး ဆပ်ဖို့ တောင်ကြီးမြို့ကို ပြန်လာတဲ့ လေယာဉ်မယ် နန္ဒာလှိုင်နဲ့ တက်သစ်စ အဆိုကျော် ဒွေးတို့ တစ်ကားတည်း စီးခဲ့ကြရာက ဇာတ်လမ်းတွေ အများကြီးဖြစ်ခဲ့ကြတာကို သရုပ်ဖော်ထားတာပါ။

ဗိုက်ဗိုက်ဗိုက်

ဗိုက်ဗိုက်ဗိုက် ဒီဗွီဒီဇာတ်ကားမှ ကျော်ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ ပြေတီဦးနဲ့ နဝရတ်တို့ရဲ့ သရုပ်ဆောင်ဟန်။

အိန္ဒိယဇာတ်ကားများ

မြို့မရုံမှာ ရာရှတ်ခန်း နှစ်ကိုယ်ခွဲပြီး ဂျူဟီချာဝါလာနဲ့ ဆိုနာလီတို့ပါဝင်ထားတဲ့ **Duplicate** ဇာတ်ကား ရုံဝင်လာပါတယ်။ ဒီကားမှာ ရာရှတ်ခန်းကို စရိုက်နှစ်မျိုးနဲ့ ကြည့်ကြရမှာပါ။ ဆုထူးပန်ရုံမှာ **Villan** ဒရမ်မာအက်ရှင်ကား ရုံဝင်လာပြီး ဘုရင့်ရုံမှာတော့ နှစ်လုံးသားကိုယ်စီ အချစ်ရှိသည် အမည်ရ **Hardil Jo Pyar Karega** ဇာတ်ကား ပြသနေပါတယ်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၈-၇-၂၀၀၈ရက် (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ နှောင်းခေတ် တေးပဒေသာ
၇း၅၀ ၅။ အကပြိုင်ပွဲ
၈း၀၀ ၆။ မံဆောင်းတံတား (ချင်းပြည်နယ်)
၈း၁၅ ၇။ **နင်းကြည့်စမ်းပါ** (မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင်) (ဒါရိုက်တာ မင်းအုပ်စိုး)
၈း၃၀ ၈။ International News
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အကပြိုင်ပွဲ
၄း၂၀ ၃။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၄း၃၀ ၄။ **ညှော်မယ်ဗျို့** (ခန့်စည်သူ၊ ငှက်ပျော်ကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၄၅ ၅။ တေးဂီတအစီအစဉ်
၅း၀၀ ၆။ မြန်မာစာ၊ မြန်မာစကား
၅း၁၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ အတီးပြိုင်ပွဲ
၅း၃၀ ၉။ တေးဂီတအစီအစဉ်
၅း၄၅ ၁၀။ ပျော်ရွှင်ဆင်နွှဲ ဝါဆိုပန်းခူးပွဲ
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ သုတစုံလင် ရွှေဉာဏ်ရှင်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၁၄)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၁၂)
၁၉။ အစီအစဉ်ပြီး၏။

ယဉ်ကျေးမှုဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဇနီးဒေါ်ခင်ပြုံးတို့အား အမှူးထား၍ ယဉ်ကျေးမှုဝန်ကြီးဌာန မိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၆နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန၌ ကျင်းပရာ အစီအစဉ်အရ နေပြည်တော်ပျဉ်းမနားမြို့မ စမ်းမြိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တခေမာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဇနီးဒေါ်ခင်ပြုံးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များက နေပြည်တော်ပျဉ်းမနားမြို့မ စမ်းမြိုင်ကျောင်း၊ အဘယာရာမကျောင်း၊ ရွှေဥဒေါင်းတောင်ကျောင်းတို့မှ ပင့်သံဃာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တခေမာစာရထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အနုမောဒနာတရားနာကြားပြီး ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(တောင်ပိုင်း)နှင့် အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့မှ ဝန်ထမ်းများသည် ရန်ကုန်မြောက်ပိုင်းခရိုင် ကြို့ကုန်းရှိ ဗြူးကုန်းပရိယတ္တိစာသင်တိုက်တွင်လည်းကောင်း၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန(မြောက်ပိုင်း)နှင့် မန္တလေးယဉ်ကျေးမှုပြတိုက်၊ စာကြည့်တိုက်တို့မှ ဝန်ထမ်းများသည် မန္တလေးခရိုင် အောင်မြေသာစံမြို့နယ်ရှိ မဟာခေမိကာရာမ သစ်ဆိမ့်ကျောင်းတိုက်တွင်လည်းကောင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ကျင်းပကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၇

၂၀၀၈ခုနှစ် ဒုတိယအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယမန်နေ့ညနေ ၄နာရီက နေပြည်တော် ဘောလုံးကစားကွင်း အမှတ်(၂)နှင့် ပေါင်းလောင်း ဘောလုံးကစားကွင်းတို့၌ တစ်ပြိုင်တည်း ကျင်းပခဲ့ရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုအားပေးသည်။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပွဲ အုပ်စုပတ်လည်ပွဲများကျင်းပ

နေပြည်တော် ဘောလုံးကစားကွင်း အမှတ် (၂)တွင် (ဓ) အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာန အသင်းက အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းကို ၁၇ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပေါင်းလောင်းဘောလုံး ကစားကွင်းတွင် (ဓ) အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းက သစ်တောရေးရာ ဝန်ကြီးဌာနအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အဆိုပါ ဝန်ကြီးဌာနအသင်းများ ယှဉ်ပြိုင်မှုကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ ဘောလုံးအားကစား ဝါသနာရှင်များ တပျော်တပါး ကြည့်ရှုအားပေးကြသည်။

ဆက်လက်ယှဉ်ပြိုင်မည်

ဇူလိုင်၁၈ရက်**(ယနေ့)** နေပြည်တော် ဘောလုံးကစားကွင်း အမှတ်(၂)၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အသင်းနှင့် ပညာရေးဝန်ကြီးဌာန အသင်း၊ ပေါင်းလောင်း ဘောလုံးကစားကွင်း၌ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အသင်းတို့သည် (က)အုပ်စု ပွဲစဉ်များအဖြစ် ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ချင်းတွင်းနှင့် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်းသွား

(၂၀၀၈ ခုနှစ် ဇူလိုင် ၁၇ရက် မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယနေ့နံနက်ပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီ ဖြစ်သည်။

ဧရာဝတီမြစ်ရေ

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် တစ်နာရီလျှင် ဝဒသမ၅စင်တီမီတာနှုန်းဖြင့် မြင့်တက်နေပြီး စိုးရိမ်ရေမှတ်အထက် ၁၅စင်တီမီတာ ၁ဒသမ၂ပေ ခန့်ကျော်လွန်နေသော်လည်း အဆိုပါမြစ်ရေသည် ဇူလိုင် ၁၈ရက်မှ စတင်ကျဆင်းနိုင်ပြီး ယနေ့မှစ၍ နောက်လေးရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂စင်တီမီတာအောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အားကစားဖောင်ပိတ်သတင်း

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ဖွင့်ပွဲ အမျိုးသားအားကစားရုံ၌ အစမ်းလေ့ကျင့်

ပေကျင်း ဇူလိုင် ၁၇

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်ဖွင့်ပွဲအခမ်းအနားအတွက် ဝတ်စုံပြည့် အစမ်းလေ့ကျင့်ခြင်းကို ပေကျင်းမြို့ အမျိုးသားအားကစားရုံ(ငှက်သိုက်ပုံစံ)၌ ဇူလိုင် ၁၆ရက် ည ၈နာရီက ကျင်းပခဲ့သည်။

အစမ်းလေ့ကျင့်

အစမ်းလေ့ကျင့်ခြင်းအဖြစ် အားကစားရုံအမိုးမှ လျှပ်စစ်မီးပန်းများ ပစ်လွှတ်ခြင်း၊ ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲအခမ်းအနား၌ ပါဝင်ဆင်နွှဲမည့် တရုတ် ကျောင်းသား ကျောင်းသူလေးများ၏ အကများ၊ အားကစားရုံအတွင်း လှပသော မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနား၌ ပါဝင်မည့် အစီအစဉ်များအတိုင်း စုပေါင်းအစမ်းလေ့ကျင့်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော် ဖွင့်ပွဲအစမ်းလေ့ကျင့်ခြင်း အခမ်းအနားသို့ ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနည်းဆုံး သုံးကြိမ်

ယခုအဆောက်အအုံမှာ ပရိသတ် ၉၁၀၀၀ ဝင်ဆံ့၍ အစမ်းလေ့ကျင့်ပွဲ အခမ်းအနားမျိုး အနည်းဆုံး သုံးကြိမ်ခန့် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်

နေပြည်တော် ဇူလိုင် ၁၇

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဇနီး ဒေါ်မြင့်မြင့်အေးတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ယနေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကပြေးကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဓမ္မပါလထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကာ ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၁၇

ဇူလိုင် ၁၆ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုကို ဖော်ပြရပါလျှင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ကောင်နမ်ပြည်နယ်တွင် လေပြင်းတိုက်ခတ်၍ မိုးရွာပြီး အမေရိကန်နိုင်ငံမြောက်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့သည်။

မလေးရှား၊ စင်ကာပူ၊ အိန္ဒိယနိုင်ငံတို့တွင်လည်း လေပြင်းများတိုက်ခတ်၍ မိုးရွာခဲ့သည်။

ဇူလိုင် ၁၇ရက်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုကို လေ့လာကြည့်လျှင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာသွန်းခဲ့ပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

ဇူလိုင် ၁၈ရက် **(ယနေ့)** ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာနိုင်ပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်သည်။ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်မူ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇူလိုင် ၁၈ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၌ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

လှိုင်းအသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ဇူလိုင် ၁၇ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	ဝ ဒသမ ၂၄ လက်မ	**သံတွဲ**	၂ ဒသမ ဝဝ လက်မ
သထုံ	၂ ဒသမ ၈၀ လက်မ	**ပူတာအို**	၂ ဒသမ ဝဝ လက်မ
စစ်တွေ	၂ ဒသမ ၅၂ လက်မ	**ဘားအံ**	၁ ဒသမ ၄၂ လက်မ

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ဇူလိုင် ၁၇ရက် အများပြည်သူ ရုံးပိတ်ရက်တွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ ပြည်သူများ လာရောက် အနားယူ အပန်းဖြေကြစဉ်။ (သတင်းစဉ်)

ဇူလိုင် ၁၇ရက် အများပြည်သူ ရုံးပိတ်ရက်တွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်၌ ပြည်သူများ လာရောက် အနားယူ အပန်းဖြေကြစဉ်။ (သတင်းစဉ်)

ချစ်သားလေး မောင်ပြည့်ဟန်ကျော် ၏ (၁၄)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

မိသားစုဘော်ဒါမှတစ်ဆင့် မလှိုင်မြို့ အထက နဝမတန်း(ခ)တွင် ပညာသင်ကြားနေသော **မောင်ပြည့်ဟန်ကျော် (ခ) မောင်ကျော်စွာဟိန်း (ခ) မောင်ဖိုးလပြည့်** ၏ (၁၄)နှစ်ပြည့်မြောက်သည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်(၁၀၀)ကျော်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် နိုင်ငံ့သားကောင်းရတနာအဖြစ် ထူးချွန်ထက်မြက်မှုပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဖေဖေ - ဦးမြင့်လွင် (မြင်းခြံ)
ချစ်မေမေ - ဒေါ်မြင့်မြင့်စိန် (တောင်သာ)။

ကျေးဇူးဆပ်ပါမည် ကျွန်တော် စိုင်းကျော်စိန်၏ ၈က/၅၄၉၉ လိုက်ဖ်အေ့ယာဉ်၏ အခွန်ကျေပုံစံ(၁)အစိမ်းရောင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကပေးပို့ပါရန်။
ဖုန်း-၆၆၃၃၇၂။

အမည်မှန်

အဖ ဦးဇော်မင်းထွန်း၏ သမီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက (၃) Grade-11(F)မှ မမေစီစိုး(ခ) မမေမီစိုး၏ အမည်မှန်မှာ မမေစီစိုး ဖြစ်ပါသည်။ **မမေစီစိုး။**

ဖခင်အမည်မှန်

ပုသိမ်မြို့ ပညာရေးကောလိပ် ပထမနှစ်မှမောင်အောင်ဆန်း၊ကျုံပျော်မြို့ အထက နဝမတန်း(C)မှ ခွန်ဝင်းနိုင်နှင့် နောင်တရားမြို့နယ်ခွဲ ပေါ်အင်အုပ်စု ဘုရားဖြူရွာ အမက စတုတ္ထတန်းမှ နန်းသန်းရီတို့၏ ဖခင်အမည်မှန်မှာ ခွန်တင်သိန်း(ခ)ဦးဖြစ် ဖြစ်ပါကြောင်း။ **ခွန်တင်သိန်း(ခ)ဦးဖြစ် ၁၃/ပလန(နိုင်)၀၁၈၄၃၁။**

သံတမန်ရေးရာ သင်တန်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဇူလိုင် ၁၇

အခြေခံ၊ အဆင့်မြင့် သံတမန်ရေးရာသင်တန်းသားများ၏ မိုးရာသီမိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို ဇူလိုင် ၁၉ရက် နံနက်၁၀နာရီတွင် သန်လျင်ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ ဦးလှမြင့် ဖုန်း-၀၉-၅၀၀၁၁၂၃၊ ဦးလှဦး ဖုန်း-၀၉-၅၀၂၁၄၉၈၊ ဦးအောင်ဇော် ဖုန်း-၀၉-၅၁၈၂၅၉၅၊ ဦးမင်းနိုင် ဖုန်း-၀၉-၅၀၄၆၂၆၀၊ ဦးအောင်ချိုမင်း ဖုန်း-၀၉-၅၀၁၀၆၅၆နှင့် ဦးနိုင်ဝင်း ဖုန်း-၀၉-၅၁၅၆၂၂၉တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)





ကျန်းမာရေးညီညွတ်မှုစစ်ဆေး

ဒီပဲယင်း ဇူလိုင် ၁၇

ဒီပဲယင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် စားသုံးသူပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန်အတွက် စားသောက်ဆိုင်များ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆားအရောင်းဆိုင်များ အိုင်အိုဒင်းပါဝင်မှုစစ်ဆေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊ခြင်ဆေးဖျန်းခြင်းတို့ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်း၊ မြို့နယ် ကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာချစ်ခင်နှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အလှူရှင်စက်ရေတွင်း အရာတော်၌တူးဖော်

အရာတော် ဇူလိုင် ၁၇

အရာတော်မြို့နယ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အလှူရှင်စက်ရေတွင်းတူးဖော်သည့် သိန်းပင်ကားကျေးရွာနှင့် အောင်ချမ်းသာကျေးရွာစက်ရေတွင်းများအား အမှုဆောင်အရာရှိ ဦးသိန်းမင်းက ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာဦးသင်းအောင်မှ ရှင်းလင်းတင်ပြရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းက လိုအပ်သည်များပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

သစ်တော
သစ်ပင်
ဒို့ချစ်ခင်
နှစ်စဉ်
စိုက်ပျိုး
အလုတိုး

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် (၃၁)ကြိမ်မြောက် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါအဖွဲ့ချုပ်၌ကျင်းပရာ သာသနာ့ဗိမာန်၌ ပူဇော်ထားရှိသော ဓမ္မစက္ကပဝတ္တနသုတ်တော် ဟောကြားတော်မူပုံ၊ မြတ်စွာဘုရားနှင့် ပဉ္စဝဂ္ဂီငါးပါးတို့အား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစန်းထွန်း ဦးဆောင်သောအဖွဲ့ဝင်များက ကြာသက်နှင်းကပ်လှူပူဇော်ကြသည်။

ထို့နောက်နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) အဘိဓမ္မာဌာန ပါမောက္ခ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိက အမှူးပြုသော ဆရာတော် သံဃာတော်များက အနေကဇာတင်တော်မူကြပြီး တက်ရောက်လာကြသော ပရိသတ်များက ဆရာတော် သံဃာတော် ၁၀ပါးတို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၈၉) ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဇူလိုင် ၁၇

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ်အမှတ်(၈၉)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ စာပေမဂ္ဂဇင်းနှစ်စောင်၊ မြင်းမူမောင်နိုင်မိုး၏မမှတ်ယူသင့်ကြောင်း၊ အမူအရာနှင့်ပြောဆိုစကား၊ နီမင်းဆွေ၏ သိုးတို့ရဲ့ ငြိမ်းချမ်းရာနယ်မြေ၊ ကိုကိုလှိုင်၏ ဂျော်ဂျီယာမှစစ်မီးပွား၊ အာရှမိုး၏ကြီးထွားလာသော မြို့ပြများနှင့်ရေအရင်းအမြစ်ပြဿနာ၊ မောင်မြတ်မွန်(ဆူးလေ)၏အနောက်တောရကြီးကို အခြေပြုဖောက်လုပ်ထားတဲ့ ဗားကရာလမ်းမကြီး၊ အရှင်ဩဘာသ၏ဒိဋ္ဌေဓမ္မေနှင့် ရှေးလောင်းလျော့၊ တီတီအိပ်ချ်(ပြည်)၏တိမ်ဖုံးလို့ လမသာ၊ မြင့်ဦးကို၏မုန်တိုင်းနှင့်ကမ္ဘာ့သယံဇာတများ၊ ရန်ကုန်မြို့တွင်း လျှပ်စစ်မီတာများ အလုံးရေအကန့်အသတ်မရှိ နေ့ချင်းပြီးတပ်ဆင်ပေးနေပြီ၊ ဆိုင်ကယ်အမျိုးအစားအလိုက် နှုန်းထားသတ်မှတ်၍ ဒေသအမှတ် မှတ်ပုံတင်ပေး၊ လူငယ်တေးသံရှင် Wai လျှံနှင့်တွေ့ဆုံခြင်း၊ အမေရိကန်နားရွက်ကို တံတွေးဆွတ်လိုက်သည့် အီရန်မှဒုံးပျံများ၊ အာဖဂန်မှ အိန္ဒိယသို့ မရဏလက်ဆောင်၊ အာဖဂန်မင်္ဂလာဆောင်ကို အမေရိကန်ကပေးသည့် ဖိုးလက်ဖွဲ့သတို့သမီးအပါအဝင် ၂၇ဦးသေဆုံးရ၊ ပြည်သူ့ဘဏ္ဍာငွေနဲ့ ကိုယ်ပိုင်လေယာဉ်ဝယ်ရန်စီစဉ်နေတဲ့ အင်္ဂလန်ဘုရင်မကြီး၊ မောင်နေလင်း၏ တက္ကစီမင်းနှင့်မုဆိုးမမိသားစု၊ ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၈၅၊ ၈၆)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၁၃၊ ၁၄)၊ ရွှေမင်းသားလေး ချစ်ပုံပြင် အပိုင်း(၁၄၊ ၁၅)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ကျပ် ၁၁၇၀၀ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ် ၃၁၀၊ အခန်း ၀၀၄ ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် ၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

အုတ်တွင်းမြို့နယ် ရောင်ခြည်ဦး စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

အုတ်တွင်း ဇူလိုင် ၆

အုတ်တွင်းမြို့နယ် မျက်နီကွင်းကျေးရွာအုပ်စု သရက်ကုန်းကျေးရွာ ကျေးရွာကိုယ့်အားကိုယ်ကိုး ရောင်ခြည်ဦးစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီကအဆိုပါ ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ စာကြည့်တိုက် အဆောက်အအုံ၌ကျင်းပရာ အလှူရှင် ဘုန်းတော်ကြီး ဦးကောဝိဒ (မွှေစရိယ) မြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်နှင့် ရပ်ကွက် ဥက္ကဋ္ဌဦးလှမြင့် တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။(**အပေါ်ပုံ**)

လှူဒါန်း

အခမ်းအနားတွင် အလှူရှင်ဘုန်းတော်ကြီး ဦးကောဝိဒ(မွှေစရိယ)က စာအုပ်မျိုးစုံ အုပ် ၂၀၀၊ ဦးကျန်ကစာအုပ်မျိုးစုံ ၂၅ အုပ်နှင့် ဂျာနယ်စုံအစောင် ၁၅၀၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက သုတ၊ ရသ မဂ္ဂဇင်း စာအုပ် ၇၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိုးကြိုင်က စာကြည့်တိုက်ရေရှည်ခိုင်မာ ရှင်သန်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ကုန်ကျခဲ့

အဆိုပါ ဆောက်လုပ်လှူဒါန်းသည့် စာကြည့်တိုက်အဆောက် အအုံတန်ဖိုးမှာ ငွေကျပ်ခြောက်သိန်းကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တံတားဦးမြို့နယ် အလင်းရောင်စာကြည့်တိုက်ဖွင့် ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

တံတားဦး ဇူလိုင် ၄

တံတားဦးမြို့နယ် ကဘိုကျေးရွာ အလင်းရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ရေဒီယို၊ စာအုပ်စာစောင် လှူဒါန်းပွဲကို ဇွန် ၁၉ ရက်က အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ကဘိုကျေးရွာ ရွှေဘုံသာကျောင်း ဆရာတော် ဘဒ္ဒန္တ ကေလာသက သြဝါဒစကား မြွက်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဘိုမောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် စာပေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ငွေက အသင်း၏ ရည်ရွယ်ချက်များနှင့် အသင်း၏ရှေ့လုပ်ငန်းစဉ်များအကြောင်းတို့ကို လည်းကောင်း ဆွေးနွေးကြသည်။

လှူဒါန်း

ဆက်လက်၍ ကဘိုကျေးရွာ အလင်းရောင်စာကြည့်တိုက်သို့ ရေဒီယိုကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတောက်က ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က လက်ခံယူပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံအုပ် ၅၀ ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံ ယူသည်။ **(အပေါ်ယာပုံ)**

ဖွင့်လှစ်

ထို့နောက် အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးဘိုမောင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးတောက်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး မြိတ်မြို့၌ ဆွေးနွေး

မြိတ် ဇူလိုင် ၁၀

မြိတ်ခရိုင် မြိတ်မြို့နယ် မဇော်ပြင်ကြီး ကျေးရွာအုပ်စု ပပြင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဇွန် ၂၀ ရက် နံနက် ၁၀နာရီက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ကျင်းပရာ မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စာပေ၏ အကျိုးကျေးဇူးများ၊ အဆောက်အအုံ ဆောက်လုပ်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပုသိမ်၌ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆေးများအသုံးပြုနည်း အသိပညာပေးဟောပြော

ပုသိမ် ဇူလိုင် ၁၅

ဧရာဝတီတိုင်း ပညာရေးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသည့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး၊ ပိုးလောက်လမ်းသေ ဆေးအသုံးပြုနည်း အသိပညာပေးဟောပြောပွဲနှင့် abate ဆေးများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၇ရက် မွန်းလွဲ ၂နာရီက ပုသိမ်မြို့ အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်း တိုင်းပညာရေးမှူး ဦးခင်မောင်ရီက အဖွင့်အမှာစကား ပြောကြားပြီး(**အောက်ပုံ**)ကျန်းမာရေး ဦးစီးဌာန၊ နေပြည်တော် သွေးလွန်တုပ်ကွေး ငှက်ဖျား ရောဂါနှိမ်နင်းရေး (ရပကန) စီမံချက် မန်နေဂျာ ဒေါက်တာသန်းဝင်းက သွေးလွန်တုပ်ကွေးရောဂါ စတင်ရောက်ရှိလာမှုနှင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး ပူးပေါင်းပါဝင် ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ဖြန့်ဝေခဲ့

ထို့နောက် တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးကိုကိုက သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုရှင်းလင်းပြီး ဧရာဝတီတိုင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းနိုင်ဦးက ပိုးလောက်လမ်းသေဆေးဖော်စပ်အသုံးပြုနည်းနှင့် ခန်းစီးလိုက်ကာစိမ်ဆေးဖြင့် လက်တွေ့အသုံးပြုနည်းများကို လက်တွေ့ သရုပ်ပြသကာ ဆေးများပေးအပ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြော

ပင်းတယ ဇူလိုင် ၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေး ဟောပြောပွဲကို ဇွန် ၂၆ရက်က ပင်းတယ မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်လင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မြန်မာနိုင်ငံ၏ သမိုင်းစဉ်ဆက် မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းဆောင်ရွက်ချက်များကို လည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းခမ်းနွယ်က မူးယစ်ဥပဒေအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ကျန်းမာရေးဌာန သူနာပြုအဆင့်(၁)က မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ကျန်းမာရေးအကြောင်းသိကောင်းစရာများကို လည်းကောင်း ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်းဆောင်ရွက်

ဝိုင်းမော် ဇွန် ၂၆

ဝိုင်းမော်မြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် NGO အဖွဲ့အစည်းများ ပူးပေါင်း၍ မေ ၃၁ ရက်က မြို့ပေါ်ရှိ ရပ်ကွက်ကြီး ငါးခု၌ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးလွင်စိုးနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အလယ်ရွာကျေးလက် သစ်သားတံတား ဆောင်ရွက်ပြီးစီးမှုကို ဇူလိုင် ၂ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းစိန် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဇော်လင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါး အလွဲသုံးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့်ဆုချီးမြှင့်ပွဲ မြောင်မြို့၌ကျင်းပ

မြောင် ဇူလိုင် ၆

စစ်ကိုင်းတိုင်း မြောင်မြို့ အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ပြောကြား

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ထံမှပေးပို့သော သဝဏ်လွှာကို ဒုရဲမှူး ကျော်ရှင်းက ဖတ်ကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးမြင့်က မူးယစ်ဆေးဝါးအန္တရာယ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆုများပေးအပ်

ဆက်လက်၍ ၂၀၀၈ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆောင်းပါး၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြင်းကကုန်း၌ ဆိပ်ခံတွဲယာဉ်ရောက်ရှိ ခရီးသည်များ စိတ်ချမ်းမြေ့စွာသွားလာလျက်ရှိ

မြင်းကကုန်း ဇူလိုင် ၆

မြင်းကကုန်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနပိုင် ဆိပ်ခံတွဲယာဉ် မုန်တိုင်းတိုက်ခတ်မှုကြောင့် နစ်မြုပ်သွား၍ အခြားသော ဆိပ်ခံတွဲယာဉ်တစ်စင်း ဇွန် ၁၅ ၇က်က အစားပေး ရောက်ရှိလာသည်။

မြင်းကကုန်းဆိပ်ကမ်းသည် ရေစီးအားတိုက်စားမှုကြောင့် ဆိပ်ခံတွဲယာဉ်ငြိမ်သက်စွာထားရှိရန် ဦးပိုင်းကျောက် ပဲ့ပိုင်းကျောက်တွဲ ဘေးနဘန်းကြိုး (ဘေးတိုက်ကြိုး) မခိုင်မြဲ၍ လူနေအိမ်များကို မကြာခဏပွတ်တိုက် ထိပါးမှုရှိသဖြင့် ယခင်ဆိပ်ခံတွဲယာဉ်များ ဆိုက်ကပ်နေကြနေရာဟောင်းမှ ရေစီးအားလျော့၍ ဆိပ်ခံတွဲယာဉ်ထားရာတွင် အန္တရာယ်ကင်းသည့်အပြင် ကုန်တင်၊ ကုန်ချ၊ကုန်လှောင် အခက်အခဲ မရှိသော ဆိပ်ကမ်းတံတား နေရာသစ်သို့ သက်ဆိုင်ရာမှ ဇွန်၂၈ရက်က ပြောင်းရွှေ့နေရာချထား ဆိုက်ကပ်ပေးထား၍ ရပ်ဟန်းရှင်လူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာလျက် ရှိကြသည်။ **(အောက်ပုံ)** **(၁၅၉)**

18-7 (15).pmd 1 7/19/2008, 2:16 AM

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

မော်လမြိုင်ကျွန်း ဇူလိုင် ၁၅

ဒဂုံမြို့သစ်(တောင်ပိုင်း) ပိဋကသုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (မော်ကျွန်းဆရာတော်) ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသနှင့် တပည့်အရှင်ပညိန္ဒ (တိပိဋကပဏ္ဍိတသမဏ)တို့ ဦးဆောင်မှုဖြင့် ဆရာတော်၏ တပည့် ဒါယကာ၊ ဒါယိကာမများ ပေါင်းစပ်လှူဒါန်းမှုများဖြင့် ဧရာဝတီတိုင်း လေဘေးသင့်ဒေသများဖြစ်သော မော်လမြိုင်ကျွန်း၊ ဘိုကလေးနှင့်လပွတ္တာမြို့နယ်များမှ လေဘေးသင့်ပြည်သူများအား စတုတ္ထအကြိမ်အဖြစ် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းပွဲကို ဇူလိုင် ၉ ရက်မှ ၁၂ ရက်အထိ လေဘေးသင့်ဒေသများတွင် ဆန်၊ ဆီ၊ ဆား၊ သင်္ကန်း၊ မျိုးစပါး၊ မျိုးစေ့၊ ပေါက်တူး၊ ပေါက်ပြား၊ မိုးကာ အင်္ကျီနှင့် တာပေါ်လင်အပါအဝင် ထောက်ပံ့ရေးပစ္စည်း ၁၈ မျိုး တန်ဖိုးငွေကျပ်သိန်းပေါင်း ၅၀၀ ကျော်တို့ကို လေဘေးသင့် ကျေးရွာ ၁၇ ရွာနှင့် မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့သာယာ ဘိုးဘွားရိပ်သာတို့သို့ လက်ဝယ်အရောက် သွားရောက်လှူဒါန်းခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ လေဘေးသင့် ဒေသများရှိ ကျေးရွာ ၁၀၀ ကျော်တို့အား စတုတ္ထအကြိမ်အထိ သွားရောက်လှူဒါန်းမှုမှာ ငွေကျပ်သိန်းပေါင်း ၃၀၀၀ ကျော်ရှိပြီ ဖြစ်သည်။ (၁၄၂)

စာကြည့်တိုက်ငွေပဒေသာပင်နှင့် စာအုပ်လှူဒါန်းပွဲ ချောင်းဆုံ၌ကျင်းပ

ချောင်းဆုံ ဇူလိုင် ၁၀

ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက် ငွေပဒေသာပင်နှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန်၂၄ရက်က စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုရဲမှူး တင်လှကအဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ကဗျာစာဆိုမင်းမောင်နွယ်(မွန်ဌာနီ)က စာကြည့်တိုက်ငွေပဒေသာပင် လှူဒါန်းစိုက်ထူရခြင်းကိုလည်းကောင်း၊ မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသော မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ကဗျာစာဆိုမင်းမောင်နွယ်(မွန်ဌာနီ)က မြို့နယ်ရုံးစာကြည့်တိုက်ငွေပဒေသာပင် ငွေကျပ် ၁၁၀၀၀၀ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးဒုရဲမှူးတင်လှက ကျေးရွာစာကြည့်တိုက် များအတွက် မဂ္ဂဇင်းစာအုပ် ၅၀ကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝေက မဂ္ဂဇင်းနှင့် သုတ၊ရသစာအုပ် ၄၅ အုပ်ကို လည်းကောင်း လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်စမ်းစမ်းနွယ်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ (မြို့နယ် ပြန်/ဆက်)

(၉၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၇

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် နွယ်အေး ရပ်ကွက် သဇင်နွယ်လမ်း စိတ္တသုခကျောင်း ဓာတ်တော်တိုက်အမှတ် (၁) ဘုန်းတော်ကြီး သင် ပညာရေးကျောင်း ပဓာနနာယက ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ (လူမှုထူးချွန်ပထမ ဆင့်) ဓမ္မကထိက(သက်လွတ်)ဆရာတော် **(အပေါ်ပုံ)**သည် ဇွန် ၂၅ ရက်က မန္တလေး မြို့ ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူ ဘဏ်ခွဲတွင်(၉၁)ကြိမ်မြောက် သွေးလှူဒါန်း ခဲ့ကြောင်း သိရသည်။ (၁၇၂)

က-ကတိုက်ကျောင်း ဆရာတော် ကျန်းမာရေးအဆောက်အအုံလှူဒါန်း

လက်ပံတန်း ဇူလိုင် ၁၄

ပဲခူးတိုင်း(အနောက်ပိုင်း)လက်ပံတန်းမြို့နယ် ပျဉ်းကတိုးကုန်းအုပ်စု ဦးရွှေနှစ် အစုကျေးရွာ က-ကတိုက်ကျောင်းဆရာတော် အရှင်အာစိန္နက ငွေကျပ် ၃၂၃၄၄၄၀ တန် ကျန်းမာရေးဌာနခွဲအဆောက်အအုံ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက်၁၀နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ရှင်းလင်းလျှောက်ထား

အခမ်းအနားတွင် ဆရာတော်က ကျန်းမာရေးအဆောက်အအုံပေးအပ်လှူဒါန်းရခြင်း နှင့် ပတ်သက်၍ဩဝါဒကထာမြွက်ကြားပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ သန်းဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးချစ်သိန်းတို့က ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်း လျှောက်ထားသည်။

ပေးအပ်လှူဒါန်း

အလှူရှင်ဆရာတော်အရှင်အာစိန္နက ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ပတ်သက် သည့် စာရွက်စာတမ်းများကို တိုင်းကျန်းမာရေးဦးစီးဌာနမှူးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးစိုးဝင်းက လှူဒါန်းပွဲ အထိမ်းအမှတ် အလံများကို သက်ဆိုင်ရာဌာနများသို့ပေးအပ်၍ ကျန်းမာရေးဌာနခွဲကို မြို့နယ်ဥက္ကဋ္ဌဦးချစ်သိန်း၊ မြို့နယ် ဆရာဝန် ဒေါ်လွင်လွင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းကျန်းမာရေး ဦးစီးဌာနမှူးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြောင်းသိရသည်။ **(၁၇၅)**

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် ကံဘဲ့ဘူတာရုံလမ်း ပဉ္စနိကာယသာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေးအသင်းကြီး ၏ ထာဝရငွေရတု ပဒေသာပင်အတွက် အမှတ်၈၆၀၊ကုန္တာ(၇)လမ်း(၄)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေ ဦးစိန်လွင်-ဒေါ်ခင်ဌေးရီ၊ သားဖွဲ့နှင့် ဇင်ဇင်မိသားစုတို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ အမှုဆောင် ဦးမြင့်လွင် (စာရေးဆရာ ဖိုးကျော့)က လက်ခံ ယူစဉ်။ (က-ပ)

ပင်းတယမြို့၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ပင်းတယ ဇူလိုင် ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ပင်းတယမြို့နယ် ရွာသစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန်၂၇ ရက် နံနက်၉နာရီက အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်လင်းက ရုံးဆိုင်းဘုတ်နှင့် စာကြည့်တိုက်ဆိုင်းဘုတ်တို့ကို အမွှေးနံ့သာတို့ဖြင့် ပက်ဖျန်းကာ အဆောက်အအုံရှေ့၌ ဆိုင်းဘုတ်စိုက်ထူကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်းများ

သီပေါမြို့၌ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

သီပေါ ဇူလိုင် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ဝိုင်းအခမ်းအနားကို ဇွန် ၂၀ ရက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း မြို့နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက ဇွန် ၁၁ ရက် ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ တွင် ဖော်ပြပါရှိသော ဆောင်းပါးရှင် ကျော်ရဲမင်း၏ ဥပဒေနှင့်အညီသာဖြစ်သည် ဆောင်းပါးကိုလည်းကောင်း၊ ဇွန် ၁၂ ရက် နေ့ထုတ်မြန်မာ့အလင်းနှင့်ကြေးမုံသတင်းစာ တွင် ဖော်ပြပါရှိသော စာရေးဆရာ ချစ်နိုင် (စိတ်ပညာ)၏လက်ရုံးမြားမြောင်ဉာဏ်မြား မြောင်ဖြင့် စွမ်းဆောင်ကြမည် ဆောင်းပါး ကို ရပ်သံကျွမ်းကျင် (၃)ဒေါ်ခင်နီလာစိုးနှင့် ဓာတ်ပုံကျွမ်းကျင် (၂)ဦးနေစိုးဟန်တို့က လည်းကောင်း ဖတ်ကြားကြပြီး စာတမ်း များအပေါ် မြို့နယ်ဦးစီးမှူးက ခြုံငုံသုံးသပ် ဆွေးနွေးကြောင်း သိရသည်။ (၀၂၀)

မြန်မာအမျိုးသမီးများနေ့ ဆားလင်းကြီး၌ကျင်းပ ထူးချွန်ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

ဆားလင်းကြီး ဇူလိုင် ၁၂

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားနှင့် ဆုပေးပွဲကို ဇူလိုင် ၃ရက် နံနက် ၉နာရီက ဆားလင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ဌေးဌေးဝင်းက အဖွင့် အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူးဒေါ်ခင်နှင်းဆီက အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များကိုလည်း ကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အမျိုးသမီးများအကြမ်းဖက်ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်ဒေါ်မြမြဝင်းက မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်နှစ်ပတ်လည်အစည်း အဝေး ၂၀၀၈ ရှေ့လုပ်ငန်းစဉ် (၉)ရပ်ကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မိုးသန္တာခိုင်က မြန်မာအမျိုးသမီးများ ၏ ဂုဏ်ရည်နှင့်အဖွဲ့၏စည်းရုံးကျစ်လျစ်ခိုင်မာရေးကိုလည်းကောင်း ဆွေးနွေးကြသည်။

ဆုချီးမြှင့်

ထို့နောက် ထူးချွန်ကျောင်းသူများနှင့် မြန်မာအမျိုးသမီးများနေ့ ၂၀၀၈ ခုနှစ် စာစီစာကုံးပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်ရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းက ၂၀၀၈ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဘာသာစုံဂုဏ်ထူးရှင်တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် လေးဦးအားလည်းကောင်း၊ (၁၅)ကြိမ်မြောက် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဗဟိုအဆင့်ထူးချွန်ဆုရရှိသူ တစ်ဦးနှင့် ၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ဆုရရှိသူများကိုလည်းကောင်း ဆုချီးမြှင့်ကြသည်။ (မြို့နယ် ပြန်/ဆက်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးအတွင်း အသား၊ငါးတန်းများ တွင် အနံ့အသက်ဆိုးနှင့် ယင်ကောင်များမရှိစေရေး ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးဝင်းရွှေ၊ ကျန်းမာရေးမှူး(၂) ဦးသိန်းဝင်းနှင့်အဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေစီးရေလာကောင်းမွန်ရေး အတွက် အေးမြကြည်လင်ရပ်ကွက်အတွင်း အဖွဲ့ပိုင်မြေတူးစက်ဖြင့် ရေနုတ်မြောင်းများ တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းနှင့် လက်ထောက် အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျွန်းလှမြို့၌ သစ်ပင်စိုက်ပျိုး

ကျွန်းလှ ဇူလိုင် ၁၂

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက် ၇ နာရီက ဘုရင့်နောင်လမ်းမကြီး လမ်းဘေးဝဲယာ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ဌာနဆိုင်ရာ များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်း၊ တမာ စုစုပေါင်းအပင် ၁၅၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါးအညွှန်း

မြောက်ဝင်ရိုးစွန်း၌ ရေခဲမရှိသည့် နွေရာသီရောက်ရှိမည်

ဘူမိသိပ္ပံ စာ-၅

ပုန်းညက်ကယ်မာလာမင်း သင်းလှသည့်လဝါဆို

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)၏ ဆောင်းပါး စာ-၆

လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အယ်လ်ဇိုင်းမားရောဂါ သက်သာနိုင်

အင်တာနက်ကျန်းမာရေး စာ-၅